ရွှေပဒေသာစာပေ

# ခေတ်ပျိုဖြ



# အချစ်ဗီလိန်

## အမုန်း

## (A)

``သား ရွှေအိမ်´´

``ဗျာ´´

``ကတိကိုတော့ မမေ့နဲ့နော်၊ မာမီ မင်း ကတိကို ယုံကြည်လို့ မင်းကို ရန်ကုန်ကို အလုပ်လုပ်ဖို့ လွှတ်လိုက်တာ´´

``စိတ်ချပါ မာမီ..... ကတိတစ်ခုကို ကျွန်တော် မပေးနိုင်ရင် မပေးပါဘူး၊ ပေးပြီးရင်လည်း တည်အောင်ကြိုးစားမှာ ပါ´´

မာမီက နှုတ်ခမ်းတွန့်တယ်ဆိုရုံလေး ပြုံး သည်။

မာမီ့ရဲ့ အပြုံး မှာ မာနတွေ အပြည့်အလျှံ တွေ့နေရသည်။

အဲဒီ မာနမီးတွေ ဟာ မာမီ့တစ်ကိုလုံးကို ပူလောင်ကျွမ်းမြေ့စေတာကိုတော့ မာမီ သိမယ်မထင်ပါ။

ဒယ်ဒီဆုံးကတည်းက မာမီသိသင့်ပါတယ်။

ဒယ်ဒီရဲ့ စီးပွား၊ ဥစ္စာ၊ ဂုဏ်ဓနတွေ ကြောင့် ဒယ်ဒီ့ဘေးမှာ ကပ်နေကြတဲ့ ဆွေမျိုးသားချင်းတွေ ၊ အယောင်ဆောင်ပြီး ခေါ်ပြောနေခဲ့ကြတဲ့ ပတ်ဝန်းကျင်က လူတွေ အားလုံး သူတို့သားအမိဘေးက ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတာလေ။

စစ်မှန်တဲ့ မေတ္တာရှိသေးတဲ့ ဆွေမျိုးအနည်းငယ်ကိုတော့ ဆင်းရဲလို့ ဂုဏ်မရှိလို့ဆိုပြီး မာမီက အထင်သေးကာ မခေါ်မပြောခဲ့။

အခု မာမီ့လက်ထဲမှာ ရောပိုက်ဆံဘယ်လောက်များများ ရှိသေးလို့လဲ။

``ရွှေအိမ်.... ဟိုကောင်မတို့မိသားစုတစ်ခုလုံးနဲ့ လုံးဝမပတ်သက်ရဘူးနော်´´

``ကျွန်တော့်ကို ဒီကိစ္စ ထပ်မပြောနဲ့မာမီ၊ ကတိပေးထားသားပဲ´´

``ပြီးတာပဲ´´

ကားကထွက်တော့မှာ မို့ အိတ်ကို ကားပေါ်တင်လိုက်သည်။

``မာမီ ကျွန်တော် သွားတော့မယ်´´

``လေးလေးတို့အိမ်မှာ နေနိုင်သမျှ နေနော်၊ အဆောင်ခသက်သာတာပေါ့၊ ဒါမှ မာမီ့ဆီ ပိုက်ဆံများများ ပို့နိုင်မှာ ´´

``ဟုတ်ကဲ့´´

လခက ဘယ်နေမှန်းမသိသေး။

မာမီ့ဆီ ပိုက်ဆံများများ ပို့တဲ့။

သူရမယ့်ပိုက်ဆံက ရန်ကုန်မှာ ဖြစ်သလိုနေရမှာ လေ။ အဆောင်စရိတ်၊ စားသောက်စရိတ်တွေ ကုန်ရဦးမှာ ၊ ဒါကို မာမီက သူ့ဆီ ပိုက်ဆံများများ ပို့ဆိုတော့....

ဟူး.....

သူ သက်ပြင်းကိုျတ်ချလိုက်သည်။

ပြီးမှ.....

``ကျွန်တော် သွားတော့မယ် မာမီ´´

``အေး´´

သူ့ကိုလှမ်းကြည့်တဲ့ မာမီ့မျက်ဝန်းတွေ က မျက်ရည်တွေ ပြည့်နေသည်။

သူ့ကို မာမီ ချစ်မှာ ပါလေ။

သား တစ်ယောက် ကို အမေ တစ်ယောက် ဘယ်လိုပဲ ဖြစ် ဖြစ် ချစ်မှာ

ပဲမဟုတ်လား၊ ဒါ အမှန်ပဲလေ။ ဘယ်တော့မှ မှာ းယွင်းမှာ မဟုတ်တဲ့ အဖြေပဲဆိုတာ လူတိုင်း လက်ခံမှာ ပါ။

ဒါပေမယ့် သူ့ရင်ထဲကို မာမီဝင်မကြည့်ခဲ့တာတော့ နာကျင်လွန်းရသည်။

ပစ္စုန်ကို သူချစ်သည်။

အဲဒါ ထာဝရအတွက် ကျောက်စာတစ်ခုလို မယိုင်လဲမယ့် ချစ်ခြင်းမျိုးပါ။

သူ ကားပေါ်တက်တော့ ကားက ဘီးလိမ့်နေပြီ။ မာမီ့ကိုလည်း သူ လက်မပြမိခဲ့။

ကားစပယ်ယာလေးပြသော ခုံတွင် ထိုင်လိုက်သည်။

``အစ်ကို့ဘေးက တစ်ယောက် ကတော့ လမ်းမှာ တက်မှာ ´´

ဘေးခုံက တစ်ယောက် က လမ်းရောက်မှတက်မှာ ဆိုတော့ အဲဒီ တစ်ယောက် မတက်ခင် သူ ချောင်ချောင်ချိချိ နေရတာ ပေါ့။ လူမှန်းသိတတ်စအရွယ်ကတည်းက မိသားစုနှင့် မခွဲခွာဖူးတော့ မြို့အထွက်မှာ ပင် မာမီနှင့် ညီမလေးကို သတိရနေမိသည်။

မြို့အတွက်တွင် ကားက ခဏရပ်တော့ သူ့ဘေးတွင် ထိုင်မည့် ခရီးသည် တက်လာသည်။

ထိုသူက သူ့ဘေးတွင် ထိုင်ထိုင်ချင်းမှာ ပဲ....

``ဟာ ဟေ့ရောင် .... မင်း.....မင်း ရွှေအိမ်... ဟုတ်တယ် မဟုတ်လား´´

ဘေးမှလူက တအံ့တသြ နှုတ်ဆက်တော့....

``ဟာ...... အာကာ´´

မမျှော်လင့်ဘဲ သူ့ရဲ့သူငယ်ချင်း အာကာဖြိုးနှင့် ဆုံရသည်။

``မင် ဘယ်ကိုသွားမှာ လဲ ရွှေအိမ်´´

``မာမီ့မိတ်ဆွေ တစ်ယောက် ပြောပေးလို့ ကုမ္ပဏီတစ်ခုမှာ Ðirver

အလုပ်ရတယ်ကွ၊ ရန်ကုန်မှာ လေ´´

``ဟာ.... ငါလည်း ရန်ကုန်မှာ ပဲ၊ Restaurant မှာ Waiter လုပ်နေတာလေ´´

အာကာက သူ့ဒယ်ဒီအကြောင်းမေးလို့ ဆုံးသွားပြီဆိုတဲ့အကြောင်းကို ပြောပြလိုက်မိသည်။ ငယ်သူငယ်ချင်းတွေ မို့ ပြောစရာစကားတွေ မကုန်နိုင်ပေ။

``ဒါနဲ့ မင်း ရန်ကုန်မှာ ဘယ်နေမှာ လဲကွ´´

``လောလောဆယ်တော့ ငါ့လေးလေးအိမ်မှာ ခဏနေမှာ ပေါ့ကွာ၊ နောက်တော့မှ အဆောင်တစ်ခု ရှာမယ်ပေါ့၊ ပိုက်ဆံလည်း အများ ကြီး အကုန်မခံနိုင်ဘူးလေ။ မင်းရော ဘယ်မှာ နေလဲ´´

``အေးကွ.....ငါ ကတော့ ကံကောင်းတယ်လို့ ပြောရမှာ ပဲ။ ကျောက်မြောင်းက တိုက်ခန်းတစ်ခန်းမှာ နေတာကွ၊ လခမပေးရဘူး´´

အာကာ့စကားကြောင့် သူ အံ့သြသွားရသည်။

``လခ မပေးရဘူး.... ဟုတ်လား´´

``အေးကွ၊ နေဦး... ငါ ပြောကြည့်ဦးမယ်၊ မင်းတည်းမယ့် လိပ်စာ ငါ့ကိုပေးခဲ့၊ သစ်နက်က သဘောပေါက်ပါတယ်၊ ငါ သစ်နက်ကို ပြောကြည့်ပေးမယ်´´

``သစ်နက်... အဲဒါ မင်းဘော်ဒါလား´´

``အေး.... မင်းမှာ ဖုန်းရှိလား´´

``ရှိတယ်´´

``ဒါဆို နံပါတ်ပေး၊ ငါ ဖုန်းထဲထည့်ထားလိုက်မယ်´´

အာကာနှင့် ဖုန်းနံပါတ်တွေ အလဲအလှယ်လုပ်လိုက်သည်။ အာကာနှင့်တွေ ရတာ သူ့အတွက် အားတစ်ခု ဖြစ်သည်။ အနားမှာ ဘယ်သူမှမရှိတာထက်စာရင် အာကာ့ကို ဘော်ဒါ တစ်ယောက် ရှိတာ ကံကောင်းတယ်လို့ ယူဆရမည် ။ အတူမနေရပေမယ့် တစ်မြို

့တည်းမှာ အတူရှိနေမှာ ပဲ မဟုတ်လား။

``ရွှေအိမ်.... မင်းရဲ့ ကောင်မလေးရော၊ မင်းကောင်မလေးနာမည် က ဖူးပစ္စုန်နော်´´

``ဟုတ်တယ်၊ ဒါပေမယ့် အခု ငါတို့တွေ ဝေးရတော့မယ်´´

``ဟေ´´

သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူနှစ် ယောက် ဝေးရတော့မယ်ဆိုရင် ဘာလုပ်သင့်သလဲ။

♥♥♥

(၆)

ဝရန်တာလက်တန်းအုတ်ဘောင်ပေါ် ခုန်တက်လိုက်ပြီး ဂစ်တာကို ကြုံးညှိလိုက်သည်။ ပြီးတော့ ဂစ်တာမတီးဘဲ မြင်နေရတဲ့ ပတ်ဝန်းကျင်က မြင်ကွင်းတွေ ကို ကြည့်နေမိသည်။

ဘယ်လောက်ပီပြင်ရှင်းလင်းတဲ့ မြင်ကွင်းတွေ လဲ။

အောက်ကိုကြည့်လိုက်ရင်လည်း လူသေးလေးလေးတွေ မြင်ရသေးသည်လေ။ ထိုမြင်ကွင်းတွေ ကိုကြိုက်လို့ သူ ဒီဆယ့်နှစ် ထပ်တိုက်ရဲ့ အပေါ်ဆုံးထပ်ကို ဝယ်ခဲ့တာပေ့ါ။

Lift မရှိတဲ့ ဒီတိုက်ဟာ သူ့အထပ်ကိုရောက်ဖို့အတွက် ခြေလျင်တက်ရတာ မို့ မောတော့ မောရတာ ပေ့ါ။ ဒါပေမယ့် သူ ကတော့ နှစ်သက် သည်။

သူ့ရဲ့ အနှစ်သက် ဆုံးအရာတွေ ထဲက ပိုပြီးနှစ်သက် ရတဲ့အရာတစ်ခု ကတော့ ခုလို လက်ရန်းဘောင်တွင် ထိုင်ကာ ဂစ်တာတီးရင်း ကောင်းကင်မှာ ပျံဝဲလာတဲ့ငှက်တွေ ၊ ပုံသဏ္ဍာန်အမျိုးမျိုးပြောင်းတဲ့ တိမ်တိုက်တွေ အဲဒါတွေ ကို ငေးမောရတာ ကို အကြိုက်ဆုံးပဲ

ဖြစ်သည်။

``သစ်နက်´´

ခေါ်သံနှင့် အတူ တံခါးဖွင့်ဝင်လာသော ချမ်းဝင်းပိုင်ကို သူက အသံပေးလိုက်သည်။

``ငါ ဒီမှာ ကွ´´

``ဟာ မင်းကွာ.... ထိုင်ပြန်ပြီး အဲဒီ မှာ ၊ မတော် ပြုတ်ကျသွားရင်တော့ တစ်စစီပဲ ´´

``မကျပါဘူး ချမ်းရာ၊ လက်ရန်းက ကျယ်ပါတယ်ကွ၊ တမင် ခုန်ချမှ ကျမှာ ၊ ဒီအတိုင်း ကတော့ လုံးဝမကျဘူး၊ ဘယ်ကပြန်လာတာလဲ´´

``အိမ်က ပစ္စည်းတွေ လူကြုံပေးလိုက်လို့ သွားယူတာပါကွာ´´

သူက ချမ်းလက်ထဲမှာ အထုပ်တွေ ကို ကြည့်လိုက်ရင်း...

``ဘာတွေ လဲ´´

``ဘာလချောင်ကြော်၊ ချဉ်ပေါင်ကြော်၊ ကြက်သားနဲ့ အမဲသားကြော်၊ ငါးဖယ်ထုပ် ´´

``အား.... မိုက်တယ်ကွာ´´

``အာကာရော ပြန်ရောက်ပြီလား´´

``မရောက်သေးဘူးကွ၊ဒီနေ့ ပြန်လာမယ်လို့တော့ ပြောတာပဲ၊ လူမစုံတော့ ပျင်းတယ်ကွာ၊ မင်းလည်း ရေသွားချိုးလေ´´

ချမ်းက အထုပ်တွေ ကို စားပွဲပေါ်တင်ခဲ့ကာ ရေသွားချိုးတော့သည်။

သစ်နက်ဆိုသော သူ့ကို တစ်ဦးတည်းသော သားအ ဖြစ် မွေးဖွားခဲ့သည်။ သူ Compter ဘွဲ့ရတဲ့နှစ် မှာ ပဲ မိဘနှစ် ပါးစလုံး Accident ဖြစ်ပြီး ဆုံးသွားခဲ့တာမို့ သူ

တစ်ယောက် တည်း အမွေတွေ နှင့် ရှင်သန်ခဲ့ရသည်။ သူ့အတွက်က စီးပွားရေး ဆိုတာ ထွက်ရှာစရာမလိုလောက်အောင်ကို သူ့မိဘတွေ က သူ့အတွက် အမွေတွေ တစ်ပုံကြီး ထားခဲ့တယ်။

ဒါပေမယ့် သူ ကတော့ Game ကုမ္ပဏီတွေ နှင့် ဆက်သွယ်ကာ ဖုန်းထဲတွင် ပါ ထည့်ဆော့လို့ရသည့် Game တွေ ရေး ဆွဲကာ ရောင်းသည်။

ပြီးတော့ အခုလို အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော သူငယ်ချင်းတွေ ကို သူ့အိမ်တွင် လခမယူဘဲ ခေါ်ထားခဲ့သည်။

``သစ်နက်.... ဘာတွေ တွေးနေတာလဲ၊ ထမင်းစားရအောင်လေ´´

ချမ်းက ရေချိုးခန်းထဲမှ ထွက်လာကာ ပြောသည်။

``အေး.... စားရအောင်လေ´´

သူငယ်ချင်းတွေ အားလုံးက သူ့ကိုချစ်ပြီး သံယောဇဉ်ရှိကြသည်။ ယောက် ား‌လေးတွေ မို့ ပိုပြီး ညီအစ်ကိုလို ပေါင်းမိကြသည်လေ။

သူနှင့်ချမ်း ထမင်းစားနေစဉ်....

``ဟေ့ရောင် တွေ စားနေကြပြီလားကွ´´

အသံနှင့်အတူ ဝင်လာသူက....

``ဟာ အာကာ... ရောက်လာပြီလား၊ ကားဝင်တာ နောက်ကျတယ်နော်´´

သူ့အမေးကို အာကာက မဖြေသေးဘဲ ရေခဲသေတ္တာဖွင့်ကာ ရေဘူးထုတ်ပြီး မော့သောက်သည်။ ပြီးမှ....

``ကားက ပုံမှန်ပဲဝင်တာပါကွာ၊ မြတ်က သူငယ်ချင်း တစ်ယောက် က ရန်ကုန်မှာ အလုပ်လာလုပ်တာလေ။ တစ်ခါမှ မရောက်ဖူးတော့ သူ့ဦးလေးအိမ်မှာ ငါလိုက်ပို့လိုက်ရတယ် ´´

အာကာက ပြောလည်းပြော ထမင်းစားပွဲတွင် ဝင်ထိုင်ကာ.....

``ငါလည်း ဗိုက်ဆာတယ်ကွာ၊ ထမင်းစားမယ်´´

``ဟင်း ကတော့ အဆင်သင့်ပဲ၊ ထမင်း ကတော့ ပေါင်းအိုးထဲမှာ သွားခူးစား´´

ချမ်းက ဇလုံအလွတ်တစ်လုံး လှမ်းပေးကာပြောသည်။

သူက အိမ်မှာ အမြဲရှိသူမို့ တစ်ပြည်ဝင်ပေါင်းအိုးကြီးတွင် ဆန်ငါးဘူးထည့်ကာ ခလုတ်နှိပ်ပြီး တည်ထားတတ်သလို သူငယ်ချင်းတွေ က ဟင်းတွေ ကို အဆင်ပြေအောင် စီစဥ်တတ်သည်။

ယောက်ျားတွေ ချည်းပဲနေတဲ့ အိမ်ဆိုတော့ အိမ်ဖော်လည်း မငှားရဲ၊ အဝတ်လျှော်စက်လည်း ရှိတာမို့ ကိုယ့်အဝတ်ကိုယ်လျှော် ကိုယ့်ဘာသာပဲ မီးပူတိုက်ဝတ်ကြသည်။

တစ်ခုကောင်းတာက သူ့သူငယ်ချင်းတွေ အားလုံးဟာ အောက်ခြေလူတန်းစားတွေ ကပဲ ဆင်းသက်လာတာမို့ အားလုံးကို အဆင်ပြေပြေ လုပ်ကိုင်တတ်ကြခြင်းပါပဲ။

သူ့အထပ်က တစ်ခြမ်းမဟုတ်ဘဲ ဆယ့်နှစ် ထပ်အလွှာတစ်ခုလုံးကို ယူထားတာမို့ အခန်းက ကျယ်ဝန်းပါသည်။ သူရယ်၊ ချမ်းရယ်၊ အာကာရယ်၊ ဘုန်းမာန်၊ ပြီးတော့ ပိုင်ပိုင်၊ သူငယ်ချင်းအားလုံး တစ်ယောက် နှင့် တစ်ယောက် နားလည်မှု တွေ နှင့် ညီအစ်ကိုရင်းတွေ ပမာ ချစ်ကြပါသည်။

အာကာက Restaurant တစ်ခုတွင် Waiter လုပ်သည်။ ချမ်းက ကုမ္ပဏီတစ်ခုက ဒီဇိုင်နာ၊ ဘုန်းမာန်က ဇာတ်ညွှန်းရေး သည်။ နာမည် မကြီးသေးသူမို့ နာမည်ကြီးဇာတ်ညွှန်းဆရာတွေ နှင့် လက်တွဲ နေသူ။ ပိုင်ပိုင်က ကားကုမ္ပဏီက အရောင်းဝန်ထမ်း။ အားလုံးက အလုပ်ကိုယ်စီနဲ့ဆိုတော့ ငါးယောက် လုံး ဆုံချိန်က နည်းလွန်းသည်။ ထမင်းစားသောက်ပြီးတော့....

``ငါ အိပ်ချင်လာပြီကွာ´´

``သစ်နက်.... မင်း ကတော့ ဇီးကွက်လိုပဲ၊ တစ်ညလုံး ကွန်ပျူတာတစ်လုံးနဲ့ အလုပ်လုပ်၊ တစ်နေ့ကုန်ကျတော့ အိပ်လိုက်နဲ့ ပုံစံမမှန်ဘူးကွ´´

အိပ်မလို့ဟန်ပြင်နေသော သူ့ကို အာကာက ဝေဖန်သည်။

``ဒါ ကတော့ အလုပ်ပဲကွာ၊ ဒီ Software တွေ က တကယ့်ကို သေသေချာချာ အေးအေးဆေးဆေး လုပ်မှရတာ ၊ နေ့ညခွဲလို့ မရဘူးလေ´´

``သစ်နက်´´

``ဟေ´´

အာကာက သူ့ခုတင်တွင် ဝင်ထိုင်ကာ....

``မင်းကို ငါ ပြောစရာရှိတယ်ကွ၊ ခရီးရောက်မဆိုက်ကို ပြောချင်တာ´´

သူ ကတော့ မျက်စိတွေ လေးလာကာ အိပ်ချင်လှပြီ။ အာကာကလည်း ဘာအရေး ကြီးကိစ္စလဲ မသိ။ ခရီးရောက်မဆိုက်ကို ပြောချင်တာတဲ့။

``ကဲ.... ပြောကွာ´´

``မင်းရဲ့စေတနာကို ငါတို့အားလုံး နားလည်ပါတယ်ကွာ၊ တကယ်လို့ မင်းရဲ့ တိုက်ခန်းမှာ အစစအရာရာ အဆင်ပြေပြေနေရပြီး လခလည်း ပေးစရာမလိုဘဲ နေရတယ်ကွာ၊ ဒီကြားထဲ မင်းက ကူညီစရာရှိတာ ကူညီသေးတယ်´´

ခက်လိုက်တာကွာ.... ပြောစရာရှိတာ ပြောတာမဟုတ်ဘဲ အာကာက နိဒါန်းတွေ ပျိုးနေသည်။ ပြောစရာရှိတာ ပြောတာမဟုတ်ဘူး။

သူ အရမ်းကိုအိပ်ချင်နေတာ၊ သူ အာကာ့ကို စိတ်မရှည်ချင်တော့။

``အာကာ.... ပွင့်ပွင့်လင်းလင်းပြောကွာ၊ ငါ တော်တော် နားထောင်နေရတာ ကွ ´´

``ငါ ကားပေါ်မှာ ငယ်သူငယ်ချင်း တစ်ယောက် နဲ့တွေ့လာတယ်ကွ၊ သူ့နာမည်က မင်းရွှေအိမ်တဲ့၊ ကုမ္ပဏီတစ်ခုမှာ Driver လုပ်နေတယ်။ ငါ သူ့ကို ခေါ်ထားချင်တယ်... ရမလား´´

ဒါများ ကွာ.....

``မင်းသဘောပဲကွာ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်... ကျန်တဲ့လူတွေ ကရော သဘောတူလား၊ လာနေတာ အဓိကပြဿ နာမဟုတ်ဘူးကွ၊ ဟိုလူနဲ့မတည့် ဒီလူနဲ့အဆင်မပြေဆိုတဲ့လူမျိုး ဖြစ်နေမှာ ပဲ ငါကစိုးတာ၊ ငါက ခေါင်းအေးအေးပဲ နေချင်တဲ့ကောင်လေ´´

``ရွှေအိမ်က လူအေးပါကွာ´´

``အေးလေ.... ဟိုကောင်တွေ နဲ့ ငါတို့ တိုင်ပင်ကြတာပေါ့´´

ထိုစဉ် တယ်လီဖုန်းသံ ကြားလိုက်ရသည်။

``ဟာ.... ဖုန်းသံမြည် လာပြန်ပြီကွာ၊ ချမ်း.... ငါ့ဖုန်းကိုင်လိုက်စမ်းပါ´´

အခန်းထဲကို အခုမှဝင်လာသော ချမ်းက သူ့ဖုန်းကို ကောက်ကိုင်ပြီးနေသည်။ သူကတော့ မျက်ဝန်းတွေ မဖွင့်မရတော့လောက်အောင် အိပ်ချင်နေပြီ။

``ဘုန်းမာန်ဆီကပါကွာ၊ ဒီည သူ ပြန်မလာဘူးတဲ့ Shooting ရှိတယ်တဲ့´´

``ဩော်´´

အာကာနှင့် ချမ်း အပြန်အလှန်ပြောနေတာကို ကြားပေမယ့် မျက်လုံးတွေကတော့ ဘယ်လိုမှ မမြင်နိုင်လောက်အောင် မှော ်င်သွားခဲ့ပြီလေ။

အာကာပြောတဲ့ ဇီးကွက် တစ်ယောက် တော့ နေ့ခင်းဘက်မှာ နှစ် နှစ် ခြိုက်ခြိုက် အိပ်မောကျသွားခဲ့ပါပြီ။

♥ ♥ ♥

# (၄)

မာမီကသာ လေးလေးအိမ်မှာ အဆောင်ခသက်သာအောင် တတ်နိုင်သလောက် သည်းခံပြီးနေဟု ပြောသည်။ အခု လေးလေးကဖြင့် သူ့ကိုမြင်တာနှင့် မျက်နှာကြီးပုပ်သိုးပြီး မကျေမလည်စကားတွေ ပြောတော့သည်။

``ရွှေအိမ်ရေ... မင်း ကတော့ အခုမှရောက်လာတယ်၊ ရောက်လာလာချင်း ပြောရမှာ တော့ စိတ်မကောင်းဘူးကွာ၊ အရင်က မင်းညီမတွေ က ကလေးအရွယ်တွေ ၊ အခုတော့ အပျိုဖားဖားတွေ ဖြစ်နေပြီ၊ မင်းနဲ့က မောင်နှမတွေ လို့ ဘယ်လောက်ပဲပြောပြော အပျိုနဲ့ လူပျို မသင့်တော် ဘူးလေကွာ၊ ပတ်ဝန်းကျင်က´´

``ကျွန်တော် က သဘောပေါက်ပါတယ် လေးလေး၊ အဆောင်ငှားမရခင် ရက်ပိုင်းလေးပဲနေမှာ ပါ´´

အဲဒီ လိုပဲ ပြောရတော့မည် ။

ကိုယ့်ကို မနေစေချင်ဘူးဆိုတာကို သိပေမယ့် ရန်ကုန်ကို ဒီနေ့မှ သူခြေချခွင့်ရတာ လေ။ အဆောင်ကလည်း ငှားမရသေး။

ဟုတ်ပြီ.....

အာကာ့ဆီကို ဖုန်းဆက်ပြီး တိုင်ပင်ရမယ်။

ဟူး......

လောလောဆယ် အလုပ်မဝင်ခင် နေစရာက အဆင်မပြေ။ မာမီကလည်း ပိုက်ဆံများများ ပို့စေချင်။

အတွေ းနှင့်ပင် ရှူးချင်လာသည်။ သူ အောက်ကို ခဏဆင်းကာ အာကာ့ထံ

ဖုန်းခေါ်လိုက်သည်။

ကဲ.... အာကာပေးထားတဲ့လိပ်စာအတိုင်းပဲ သွားတွေ့လိုက်တော့မည်။

လိပ်စာအတိုင်း ကျောက်မြောင်းဘက်ကို ထွက်လာခဲ့လိုက်သည်။ တွေ့ပါပြီ။

အို..... ဆယ့်နှစ် ထပ်တောင်။

Lift လည်းမရှိဘူး၊ ဒီအတိုင်းပဲ တက်ရတော့မယ်။

ကားပေါ်ကဆင်းဆင်းချင်း နားတောင်မနားရဘဲ ဆယ့်နှစ် ထပ်တိုက်ကြီးပေါ် တက်လာခဲ့ရပြန်သည်။

အခန်းရှေ့ရောက်တော့ သူ ဖတ်ဖတ်ကိုမောနေခဲ့ပြီ။

ငါဟဲ့ ယောက်ျားဆိုပြီး အားတင်းခဲ့ပေမယ့် ဒူးတွေ တဆတ်ဆတ်တုန်ကာ ပျော့ခွေချင်နေသည်။

ငါ ခွေချင်လို့ မ ဖြစ်သေးဘူး။ ဘဲ(လ်)နှိပ်မှ။

သူ လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

ပွင့်လာတဲ့တံခါးမှာ ပေါ်လာသော မျက်နှာက ယောက်ျားဆန်ပြီး တည်တံ့သော အသွင်ရှိသည့် ယောက်ျား တစ်ယောက်။

``ဘယ်သူနဲ့တွေ့ချင်တာလဲ´´

``အာကာဖြိုးနဲ့ပါ´´

``ပိုင်ပိုင်... အာကာရှိလား´´

ထို တစ်ယောက် က အထဲကို လှမ်းမေးသည်။ အထဲက တစ်ယောက် က....

``အာကာ ဖုန်းကတ်ကုန်လို့ သွားဝယ်နေတယ်၊ ထိုင်ခိုင်းထားလိုက်လေ...´´

``လာ.... ဝင်ထိုင်လေ´´

ဖိတ်ခေါ်ချက်အရ သူ အခန်းထဲ ဝင်ထိုင်လိုက်သည်။ အိမ်ထဲက ပြင်ဆင်မှု တွေက ကောင်းလိုက်တာ၊ ပစ္စည်းတွေ အစုံပဲ၊ ဒီအိမ်ရှင်က ဘောစိပဲ။

ဘယ်လိုလဲကွာ.....

ဧည့်သည်ကို တစ်ယောက် တည်း ဧည့်ခန်းထဲ ထားခဲ့တယ်။

ထိုစဉ်.... တံခါးပွင့်လာသည်။

``ဟာ ရွှေအိမ်... မင်းလိုက်လာတယ်´´

``အေးပေါ့ကွာ... မင်းဖုန်းကိုခေါ်တာ မရဘူးလေ၊ ငါ လိုက်လာရတော့တာပေါ့´´

``Sorry ပါကွာ၊ ငါ့ဖုန်းက ဘက်ထရီကုန်နေလို့ ခုမှ အားသွင်းရမှာ ´´

အာကာက သူ့ဘေးတွင် ဝင်ထိုင်သည်။

``အာကာ... ငါ လေးလေးဆီမှာ နေ့လို့မရဘူး။ ငါ့ကို အဆောင်တစ်ခုခု ရှာပေးကွာ´´

``ငါလည်း သစ်နက်ကို ပြောပြီးပါပြီကွာ၊ နေဦး..... ငါ မင်းကို သစ်နက်နဲ့ မိတ်ဆက်ပေးမယ်´´

ပြောပြီး အာကာက အခန်းတစ်ခုတည်း ဝင်သွားသည်။

ခဏအကြာမှတော့ အာကာက သူတို့အရွယ် ယောကျ်ား တစ်ယောက် နှင့်အတူ ပြန်ထွက်လာသည်။

စိမ်းညို့ သော အသားအရေပိုင်ရှင် ထိုလူဟာ ယောကျ်ားချင်း မနာလိုစရာကောင်းလောက်အောင် ချောမောနေသည်။

ယောကျ်ား တစ်ယောက် က အဲဒီ လောက် ချောမောစရာ လိုလို့လား။

ထိုသူက သူ့ကို စူးစိုက်ကြည့်နေသည်။ ထိုမျက်ဝန်းတွေ က သူ့ကို ထွင်းဖောက်ဝင်ရောက်လာသလားဟု ထင်မိရလောက်အောင် အင်အားတော် တော် များများ

ရှိနေသည်။

``ရွှေအိမ်… သူက သစ်နက်တဲ့၊ Computer Game တွေ ဆွဲတယ်လေ၊ သစ်နက်က ဒီအိမ်ရှင်ပေါ့´´

``အား မင်းကလည်းကွာ… ငါက မင်းတို့ အိမ်ရှင်မဟုတ်ပါဘူး။ သူငယ်ချင်းတွေပါ´´

T-Shirt ကြက်သွေးရောင် ကို ပုဆိုးအနက်ကွက်နှင့် တွဲ ဝတ်ထားသည့် သစ်နက်၏ စကားသံက သိပ်မချိုပေမယ့် အားအင်ပြည့်မှန်း သိသာသည်။

မျက်နှာက အေးစက်စက်ပုံစံဆိုပေမယ့် စိတ်ထဲမှာ ဘယ်လိုရှိနေမယ်ဆိုတာ မသိနိုင်ပေ။

သစ်နက်၏ Game တွေ ကို သူ နှစ်သက် သည်။ အခုခေတ် လူငယ်တွေ ကြားထဲမှာ လည်း ထို Game တွေ ခေတ်စားနေခဲ့သည်။

``မင်း… ဒီမှာ လာနေဖို့ ငါ သဘောတူပါတယ်။ တစ်ခုတော့ ရှိတယ် ရွှေအိမ်… ငါတို့အားလုံးက ညီအစ်ကိုတွေ လို နေကြတယ်၊ မင်းလည်း အားလုံးနဲ့ ရင်းနှီးဖို့လိုတယ်၊ ငါ စိတ်အညစ်ဆုံး ကတော့ တစ်ယောက် နဲ့ တစ်ယောက် နားမလည်ပေးနိုင်ဘဲ ရန် ဖြစ်ကြမှာကိုပဲ၊ ညီအစ်ကိုတွေ လိုစိတ်မျိုးနဲ့ နေမယ်ဆိုရင်တော့ Welcom ပဲ ရွှေအိမ်´´

သစ်နက်ရဲ့ ခပ်မာမာစကားသံက နားထဲမှာ ကြားရခက်ပေမယ့် လောလောဆယ် နေစရာမရှိတော့ အဆင်ပြေမပြေ နေကြည့်ရဦးမှာ ပဲ။

ဒီတော့…

``ငါ ဘယ်တော့ ပြောင်းခဲ့ရမလဲ´´

သူ သစ်နက်ကိုပဲ ဦးတည်၍ မေးလိုက်သည်။

``အချိန်မရွေးဘဲ´´

သူတော် တော် ဝမ်းသာသွားရသည်။ ဘယ်လိုပဲ ဖြစ် ဖြစ် ရည်မှန်းချက်တွေ မပြည့်ခင်မှာ တော့ သည်းခံပြီး အဆင်ပြေအောင် ကြည့်နေရမှာ ပဲ။

ပစ္စုပ္ပန်ရယ်....

မောင် မောင်တို့ဘဝအတွက် ကြိုးစားနေပါတယ်။

♥ ♥ ♥

(၉)

သူ ပြောင်းလာတဲ့အချိန်မှာ အိမ်တွင် အားလုံးလူစုံနေကြသည်။ အာကာကပဲ အားလုံးနှင့် မိတ်ဆက်ပေးသည်။ ဒီအိမ်မှာ ရှိတဲ့ ယောက်ျားသားအားလုံးဟာ သူ့ဟာနှင့်သူတော့ ချောမောခန့်ထည်ကြသူတွေ ပါပဲ။

ထိုအားလုံးထဲမှာ မှ သစ်နက်က ပိုလို့ချောတယ်။ အားလုံးဟာ ညီအစ်ကိုရင်းတွေ ကို ချစ်တယ်ဆိုတဲ့စကား ကတော့ သူ အနှစ်သက် ဆုံးပါပဲ။

``ဒီမှာ နေရင် ပျော်ပျော်သာနေကွာ၊ မင်းမှာ အခက်အခဲရှိရင်လည်း အားလုံးကိုပြောပြ၊ ငါလည်း ကူညီနိုင်သမျှ အားလုံးကို ကူညီမယ်´´

``ကျေးဇူးပဲကွာ´´

``ကျေးဇူးဆိုတဲ့စကား ငါတို့ကြား မပြောကြေးကွာ၊ ဒါနဲ့ မင်းက Driver လုပ်မှာ ဆိုတော့ ဒီရန်ကုန်ကလမ်းတွေ ကို ကျွမ်းလို့လား၊ မင်းက မြိတ်သားဆိုတော့ မေးကြည့်တာပေါ့၊ တစ်မျိုးမထင်နဲ့နော်´´

ဘုန်းမာန်က မေးလာခဲ့တာပါ။ သူ မဖြေခင်မှာ အာကာက ဝင်ပြီး....

``သူက မြိတ်သားဆိုပေမယ့် ရန်ကုန်မှာ ကျောင်းတက်လာတာကွ၊ သူတို့က ဘောစိတွေ ၊ အခု သူ့အဖေဆုံးပြီးမှ စီးပွားရေး ကျသွားလို့ သူ အလုပ်ထွက်လုပ်တာ၊ သူ့အမေနဲ့ညီမက မြိတ်မှာ လေ´´

ဩော်... ရွှေအိမ်ဟာလည်း သူဌေးသား တစ်ယောက် ပါပဲလား၊ သူ့ရုပ်ရည်က အဆိုတော် စိုင်းစိုင်းနှင့်တောင် သွားဆင်နေသေးသည်။ ပြီးတော့ အေးဆေးတည်ငြိမ်မယ့်ပုံပါပဲဟု သစ်နက် တွေ းနေမိသည်။

``မင်းသိအောင် ကြိုပြောထားမယ်ကွာ၊ ဒီမှာ က ထမင်းကို

ပေါင်းအိုးကြီးနဲ့တည်တယ်၊ ဟင်း ကတော့ အကုန်လုံး တစ်ယောက် တစ်ခွက် စီစဉ်ရတယ်။ ကိုယ့်ဘာသာပဲ ချက်ချက် ဝယ်ပဲဝယ်ဝယ်ပေါ့ကွာ....၊

အေးလေ.... နောက်တော့ အဆင်ပြေသွားမှာ ပေါ့....။

ဒီ့ထက်ပွင့်ပွင့်လင်းလင်းပြောရရင် ငါတို့ညီအစ်ကိုတွေ က အချစ်နဲ့ အဆင်မပြေတဲ့ လူတွေ ချည်းပဲ။ အံ့သြစရာလား၊ ရယ်စရာလား၊ စိတ်ပျက်စရာကောင်းတာလား´´

``အဲဒါဆို အဲဒီ အဖွဲ့ထဲ ငါ့ကိုပါ ထည့်လိုက်၊ ငါလည်း အချစ်နဲ့ အဆင်မပြေဘူး´´

``ဟေ´´

``ရင်ဖွင့်ရအောင်´´

သူက အရင် ရင်ဖွင့်လိုက်သည်။ မိဘတွေ ကြောင့် သူတို့ချစ်သူနှစ် ယောက် ဝေးခဲ့ရတာ ကိုပေါ့။

ပြီးတော့ ချမ်းဝင်းပိုင်ဆိုတဲ့ ချမ်း။

သူ ကတော့ သူ့ချစ်သူနဲ့ လက်ထပ်ခါနီး မှ ချစ်သူက ဦးနှောက်သွေးကြောပြတ်ပြီး သေသွားတာ၊ ပြောရင်း အံကြိတ်ကာ မျက်ရည်ဝဲသည်။

ချမ်း ငိုတော့ ဘယ်သူမှ ဆက်မပြောကြတော့ဘဲ သစ်နက်က...

``ကဲပါကွာ... ပြီးခဲ့တာတွေ မေ့ထားလိုက်တော့၊ ဒီနေ့ည ငါတို့ Club သွားရအောင်၊ ပျော်ပျော်ပါးပါး သွားကမယ်´´

ဝမ်းနည်းကြေကွဲနေသော ချမ်းကို သူ ပျော်စေချင်သည်။

``ဝမ်းသာစရာကြီးကွာ´´

ပိုင်ပိုင် ကတော့ ပျော်ရွှင်သွားပုံရသည်။

သူကိုယ်တိုင်ကလည်း အဝတ်အစားလဲလိုက်သည်။ ချမ်းကို

မသိမသာကြည့်လိုက်တော့ မျက်နှာသစ်ပြီး အဝတ်အစားလဲနေသည်။

ကြေကွဲစရာတွေ ကို မေ့ထားလိုက်ပါ ချမ်းရာ။

နှလုံးသားရှိမှတော့ ခံစားမှု မျိုးစုံကို ခံစားရဖူးမှာ ပေါ့၊ ဖြေဖျောက်ခံစားတတ်ဖို့ပဲ လိုတာပါ။

ချမ်းကို ရွှေအိမ် လှမ်းပြီးအကဲခတ်နေတာ သူ သတိထားမိပါသည်။

အခုမှ ဒီကိုရောက်လာတဲ့ ရွှေအိမ်အတွက်တော့ ဒီမှာ ရှိတဲ့ လူတွေ ရဲ့ စိတ်ခံစားမှု ၊ စိတ်နေသဘောထားအားလုံးဟာ ထူးခြားနေမှာ ပေါ့လေ။

``သွားရအောင်ဟေ့´´

ခြောက်ယောက် လုံး တပူးတွဲ တွဲ နှင့် ဆင်းလာခဲ့ကြသည်။ အသက်တွေ က ရွယ်တူတွေ ဆိုတော့ ပျော်ပျော်ပါးပါး ပြန် ဖြစ်သွားသည်။

သူ့ရဲ့ ဟန်းမားကားကြီးနဲ့အတူ ထွက်လာခဲ့တာပါ။

ဘယ်လိုမှ သွေးသားမစပ်ပါဘဲ ခြောက်ယောက် အတူလာဆုံကြတာ ရေစက်လား။

♥ ♥ ♥

## (၄)

``ရွှေအိမ်...မင်း ဘာဟင်းမှာ မလဲ´´

``အဆင်ပြေတာသာ ဝယ်ခဲ့ပါကွာ၊ မင်းကျွေးမယ်ဆိုလို့သာ ငါ အားနာတယ်´´

သူ့စကားကိုကြားတော့ အာကာက မသွားသေးဘဲ သူ့ဘေးမှာ လာထိုင်သည်။

``အဲဒီ အားနာတယ်ဆိုတဲ့စကားကို သစ်နက်ရှေ့မှာ မပြောနဲ့နော်၊ သူက မကြိုက်ဘူးကွ၊ သူကျွေးရင် စားတာကို ကြိုက်တယ်၊ သူပေးရင် ယူတာကို ကြိုက်တယ်၊ သူ့ကို ငါတို့ကကျွေးရင် စားတယ်၊ ပေးရင်လည်း ယူတယ်၊ တန်ဖိုးကြီးတာမျိုးတော့ မဟုတ်ဘူးပေါ့´´

``အေးကွ... သစ်နက်က တစ်မျိုးပဲနော်´´

``စိတ်ရင်း ကတော့ ကောင်းပါတယ်ကွာ၊ တစ်ခုမကောင်းတာက သူ့စိတ်ထဲရှိတာကို ပြောချင်ပြောချင်ပစ်လိုက်တာ၊ စေတနာကောင်းပေမယ့် အပြောဆိုးတယ် ´´

``ချမ်းလည်း သနားပါတယ်ကွာ၊ ငါတောင် ပစ္စုန်နဲ့ ရှင်ကွဲ ကွဲတာ ရူးမတတ်ခံစားနေရတာ ၊ ချမ်းဆိုရင်တော့´´

``မင်းနဲ့ပစ္စုန်က ဘယ်လို ဖြစ်ရတာ လဲ´´

သူက ဆော့နေသော Game ကိုပိတ်လိုက်ကာ....

``ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွာ... မာမီရဲ့ မာနတွေ ့ပေါ့၊ ပစ္စုန်တို့က အဆင်ပြေတာမဟုတ်ဘူးလေ၊ မာမီကလည်း ဆင်းရဲတဲ့လူဆိုရင် မျက်စိထဲဝင်တာ မဟုတ်ဘူး။ မာမီက ငါနဲ့ပစ္စုန်ကိစ္စကို သိသွားတော့ ပစ္စုန်တို့အိမ်ကို ပွဲသွားကြမ်းတာပေါ့၊ ပြီးတော့ ပစ္စုန်တို့ကို မိုက်မိုက်ရိုင်းရိုင်းတွေ ပြောခဲ့တာ´´

``ဒါဆို မင်းနဲ့ပစ္စုန် တွေ ့ ဖြစ်သေးလား´´

``ပစ္စုန်က တော်တယ်ကွ၊ LA မှာ ပညာတော် သင် စကော်လားရှစ် ရတယ်၊ သူ LA မသွားခင် ငါ့ကိုလာတွေ ့ပါသေးတယ်။ အဲဒါနောက်ဆုံးပဲ။ ပြီးတော့ သူ ဟိုကနေ စာရေးတယ်၊ အဲဒီ စာကိုလည်း မာမီ ဖျောက်ဖျက်ပစ်လိုက်တာ´´

``Online ကနေ ဆက်သွယ်ပေါ့ကွာ´´

``သူ့ G-mail မှ ငါ့မှာ မရှိတာ၊ မာမီမသိအောင်လည်း မလုပ်ချင်ပါဘူးကွာ၊ ငါ့ရင်ထဲက ချစ်နေရင် ရတာ ပဲ မဟုတ်လား´´

``မင်းတို့ ဇာတ်လမ်းကလည်းကွာ၊ အေးလေ... စိတ်ညစ်စရာတွေ ကို မေ့ထားလိုက်၊ ဘဝမှာ အချစ်တစ်ခုတည်းနဲ့ တည်ဆောက်လို့ရကြတာမှ မဟုတ်တာ၊ သစ်နက်ပြောသလို အားလုံးကို အကောင်းဘက်က ကြည့်လိုက်ပေါ့၊ အဲဒါဆိုရင် စိတ်ချမ်းသာသွားမှာ ပါ´´

``အခု သစ်နက်ရော´´

``အိပ်နေတုန်းပဲထင်တယ်၊ သန်းခေါင်တောင် နိုးမှာ မဟုတ်ဘူး၊ သစ်နက်အကြောင်းလည်း သိလျက်နဲ့၊ အိပ်ချင်တဲ့အချိန် အိပ်၊ နိုးချင်တဲ့အချိန် နိုး၊ စားချင်တာ စား၊ သူ့စိတ်ထင်ရာ အကုန်လုပ်တတ်တာ´´

ပြောပြီး အာကာက အောက်ဆင်းသွားတော့သည်။

သူလည်း အခန်းထဲဝင်ခဲ့တော့ သစ်နက်က တကယ်ပဲ အိပ်မောကျနေပါသည်။ စားချင်တဲ့အချိန် စား၊ အိပ်ချင်တဲ့အချိန် အိပ်နှင့် အားလုံးနှင့်မတူသော လူ တစ်ယောက် ပါပဲ။ တစ်ခါတစ်လေဆို ညလုံးပေါက် အလုပ်လုပ်တတ်သလို နေ့ခင်းမှအိပ်ပြီး သန်းခေါင်မှ နိုးလာတာတွေ ကိုလည်း သူ မြင်ဖူးထားခဲ့သည်။

ထိုစဉ်...

သစ်နက်ထံမှ တဟင်းဟင်းနှင့် ညည်းသံထွက်လာတာမို့ သူ လန့်သွားမိသည်။

သစ်နက် ဘာ ဖြစ်တာလဲ။

နေမကောင်းများ ဖြစ်နေတာလား။

သူ အသာလေးသွားကာ သစ်နက်၏ နဖူးလေးကို စမ်းလိုက်မိသည်။

ကိုယ်လည်း မပူပါဘူး။

ခဏကြာတော့ ညည်းသံပျောက်ပြီး ငြိမ်ငြိမ်သက်သက် ပြန်ပြီး အိပ်မောကျသွားခဲ့သည်။

♥ ♥ ♥

(၄)

သူနိုးလာတဲ့အချိန်မှာ တော့ တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အခန်းထဲမှာ ထွန်းထားတဲ့ အစိမ်းရောင် မီးလုံးလေးကြောင်း တစ်ခန်းလုံးကို ထင်ထင်ရှားရှားပဲ တွေ့နေရသည်။ သူ့အတွက် ကတော့ အခုလို သန်းခေါင်ယံတွေ နှင့် ရင်းနှီးကျွမ်းဝင်ရတာ ကို သဘောကျသည်။

ဟာ....

သူ တကယ်ပဲ အံ့သြသွားရသည်။

ဒီအချိန်ကြီး သူ တစ်ယောက် တည်း နိုးနေသည်ဟု ထင်မှတ်ထားကာ ခုတင်ပေါ်တွင် ထိုင်နေသော အရိပ်တစ်ခုကြောင့် တခြား တစ်ယောက် လည်း နိုးနေပါလားဟု သိလိုက်ရသည်။

သေချာကြည့်လိုက်တော့....

``ရွှေအိမ်´´

``ဩော် သစ်နက်... နိုးလာတာလား´´

``အေးကွ...... မင်းရော မအိပ်ဘူးလား´´

``အိပ်မပျော်ဘူးကွာ၊ ငါ့ချစ်သူကို သတိရပြီး ဘယ်လိုမှ အိပ်မရဘူး´´

ပြောရင်း ရွှေအိမ်က သက်ပြင်းချသည်မို့ ရွှေအိမ် တော် တော် လေး စိတ်ထိခိုက်နေပြီဆိုတာကို သူ လက်ခံလိုက်မိသည်။

``လာကွာ... ငါတို့ ဝရန်တာထွက်ပြီး စကားပြောရအောင်´´

သူ ရွှေအိမ်ကို ဝရန်တာသို့ ခေါ်ခဲ့လိုက်သည်။

ဝရန်တာကို ရောက်ရောက်ချင်းမှာ ပဲ အေးမြတဲ့လေပြည်တစ်ခုက သူတို့နှစ်ယောက် ၏ မျက်နှာပေါ်သို့ ဖြတ်ပြေးသွားသည်။

သူက လက်တန်းဘောင်ပေါ် တက်ထိုင်လိုက်ပြီး ကောင်းကင်ကကြယ်တွေ ကို မော့ကြည့်လိုက်မိသည်။

ကြယ်တွေ စုံပေမယ့် ရန်ကုန်မြို့၏ ညလယ်ယံက လိုအပ်သည်ထက် ပိုမိုတိတ်ဆိတ်လွန်းနေသည်။

``ရွှေအိမ်.... မင်းမှာ ဘယ်လိုအခက်အခဲတွေ ရှိနေလဲ၊ ငါ့ကို ရင်ဖွင့်ပါလားကွ´´

ပြောရင်း သူက ခြေထောက်ကို ခြင်လာကိုက်တာမို့ လှုပ်လိုက်သည်။ ဒါကို ရွှေအိမ်က သူ့လက်ကို လှမ်းကိုင်လိုက်ပြီး......

``ငြိမ်ငြိမ်ထိုင်စမ်းပါ သစ်နက်ရာ၊ လိမ့်ကျ သွားပါဦးမယ်´´

ရွှေအိမ်၏ အပြောကြောင့် သူတဟက်ဟက်နှင့် ရယ်မောလိုက်ပြီးမှ....

``မကျပါဘူးကွာ၊ အကျယ်ကြီးပါ၊ တမင်ခုန်ချမှ ကျမှာ ´´

``ဟုတ်ပါပြီ၊ ဒါပေမယ် အတင့်မရဲနဲ့နော်´´

သူ ရွှေအိမ်စိတ်ကျေနပ်အောင် ခေါင်းညိတ်ပြလိုက်သည်။

``ကဲ ပြောပြလေ.... မင်းအကြောင်းကို´´

``ငါ့မှာ ဆယ်တန်းကတည်းက ချစ်ခဲ့ကြတဲ့ ချစ်သူရှိတယ်၊ သူ့နာမည် ဖူးပစ္စုန်တဲ့၊ သူတို့က သိပ်အချမ်းသာကြီးမဟုတ်ဘဲ အဆင်ပြေတယ်ဆိုရုံ အဆင့်လေးပါကွာ၊ အဲဒီ တုန်းက ငါတို့က အရမ်းချမ်းသာတာ၊ မာမီကလည်း မောက်မာတယ်၊ ဆင်းရဲတဲ့လူဆိုရင် လှည့်တောင်ကြည့်တာ မဟုတ်ဘူးလေ၊ ငါနဲ့ပစ္စုန်အကြောင်းကို သိသွားတော့ မာမီ ပွဲကြမ်းတော့တာပေါ့၊ ပစ္စုန်တို့ဆီသွားပြီး ပြောဆိုတော့တာ၊ ဒါနဲ့ ငါတို့လည်း

ခဏကြငြိမ်နေလိုက်ရတယ်၊ အဲဒီ အချိန်မှာ ပဲ ဒယ်ဒီက ရုတ်တရက်ဆုံးသွားတော့ ငါတို့တစ်မိသားစုလုံး ကမောက်ကမတွေ ဖြစ်ကုန်တာ၊ စီးပွားတွေ သာ ကျတာ၊ မာမီက အသုံးအစွဲ မလျှော့ဘူး၊ ညီမလေး ကတော့ ငယ်သေးတယ်၊ ဒီနှစ် မှ ငါးတန်းတက်ရမှာ ၊ မာမီက အသုံးအစွဲသာကြီးတာ၊ စီးပွားကျတော့ မရှာတတ်ဘူးလေ၊ ဒါ ကတော့ မာမို့အကြောင်းပါ....၊

ပစ္စုန်က ဆင်းရဲပေမယ့် တော် တယ်၊ မာမီက သူ့ကို ပက်ပက်စက်စက်သွားပြောတော့ မခံချင်စိတ်နဲ့ ကြိုးစားတာ အခု LA မှာ ကျောင်းတက်ဖို့ စကော်လားရှစ်ရလို့ သွားတက်နေတယ်လေ၊ အဲဒီ ကပြန်လာရင် အလုပ်ဝင်ဖို့ ကုမ္ပဏီကလည်း အဆင်သင့်ဆိုတော့ သူ့ဘဝက အဆင်ပြေ သွားပါပြီကွာ၊ ငါ့မှာ သာ´´

ပြောရင်း ရွှေအိမ့်အသံက ငိုသံကြီးပါလာတာမို့ ရွှေအိမ့်ပခုံးကိုဖက်ရင်း နှစ်သိမ့်လိုက်သည်။

အချစ်ဆိုတဲ့ ခံစားမှု တစ်ခုဟာ ပျော်ရွှင်ခြင်းတွေ ထက် ကြေကွဲမှု ကိုပဲ ပေးတတ်သလား။

ရွှေအိမ်နှင့်ပစ္စုန်သာ ချစ်လျက်နှင့် ဝေးခဲ့ကြသည်တဲ့။

``ဖူးစာဆိုတာ တွက်လို့မရဘူး ရွှေအိမ်၊ ဒီလူနှစ် ယောက် အတွက် ဖူးစားဆိုတာ ပါလာပြီးရင် ဘယ်လိုအခြေအနေပဲ ဖြစ် ဖြစ် ဘယ်လိုလူတွေ ပဲ ဖျက်ဖျက် ပျက်မှာ မဟုတ်ဘူးကွ´´

``မင်းရော အဲဒီ လိုပဲ ယုံကြည်သလား´´

``ယုံကြည်တယ်ကွ၊ ဖူးစာပါလာလို့ ကတော့ ဘယ်လိုပဲ ခွဲနေရ ခွဲနေရ.... တစ်နေ့မှာ ဆုံကြရမှာ ပဲ´´

``ကျေးဇူးပဲကွာ´´

ရွှေအိမ်က သက်ပြင်းရှည်ကြီးမှု တ်ထုတ်ပြီး ဘေးတွင် ထောင်ထားသော

ဂစ်တာကို ယူကာတီးရင်း သီးချင်းကို သဲ့သဲ့ညည်းနေသည်။

စိတ်ကြည်သွားပြီ ထင်သည်။ တကယ်လည်း သူ ရွှေအိမ်ကို စိတ်ကျေနပ်အောင် လျှောက်ပြောတာမဟုတ်ဘဲ သူကိုယ်တိုင်ကလည်း အဲဒီ လိုပဲ ယုံကြည်ထားခဲ့ပါ။

♥ ♥ ♥

(၆)

ဒီအိမ်မှာ နေရတဲ့ လတွေ သိပ်မများ ပေမယ့် သူ သစ်နက်အပေါ် ညီအစ်ကိုရင်း တစ်ယောက် လို ခင်လာခဲ့သည်။

သစ်နက်က သူ့ခံစားချက်တွေ ကို ကူခံစားပေးကာ အားပေးတတ်သည်။

``သစ်နက်´´

``ဟေ´´

``မင်းမှာ ရော ချစ်သူရှိလား´´

သစ်နက်က အားပါးတရ ရယ်ပြန်သည်။

အပိုပြောတာ မဟုတ်၊ သစ်နက်ရယ်လိုက်ရင် သိပ်ကြည့်လို့ကောင်းတာ၊ သူတောင် ယောက်ျားချင်း ငေးမိသွားသည်။

``ဒီအရွယ်တောင်ရောက်နေပြီပဲကွာ၊ ရှိခဲ့ဖူးတာပေါ့´´

``ဟော့ရောင် .... တကယ်လားကွ၊ အခု ဘယ်မှာ လဲ´´

အတိတ်ဆိုတာ ပိုပြီးနွေးထွေးစရာကောင်းတဲ့ အချိန်ပေါ့။

``သူက လက်ထပ်သွားပြီကွ၊ ကလေးတောင် ရနေပြီ´´

ပြောရင်း သစ်နက်က ရယ်ပြန်သည်။ ရယ်ရင်းနှင့် ......

``အဲဒီ တုန်း ကတော့ ဆယ်ကျော်သက်အရွယ်ဆိုတော့ ခံစားရတာ အသေအလဲပဲ၊ အခုတော့ ရယ်လို့ရသွားပြီလေ´´

``သူ့ကို မင်းက မလွမ်းဘူးလား´´

``လွမ်းနေလို့ရော ဘာထူးမှာ လဲကွာ၊ ဖူးစာမပါလို့ ငါတို့ ဝေးခဲ့ပြီပဲ၊

တစ်ခါတစ်ခါတော့ သတိရမိတယ်ကွ၊ ဒါပေမယ့် ချက်ချင်း မေ့ပစ်လိုက်တယ်၊ ဒီအချိန်က သတိရသင့်တဲ့အချိန် မဟုတ်ဘူးလေ´´

``မင်းကိုတော့ ငါ အရမ်းအားကျတယ်ကွာ´´

သစ်နက်က ထပ်ရယ်ပြန်သည်။

ဘာလဲဟ... သူ့စကားမှာ ရယ်စရာပါလို့လား။

``သိပ်အားမကျပါနဲ့ကွာ၊ ဒီအချိန်မှာ ဒီလောက်ခံနိုင်ရည်ရှိလာအောင် ငါ ပေးဆပ်လိုက်ရတဲ့ အရင်းအနှီးက ကြီးတယ်ကွ´´

``ဘာတွေ ပေးလိုက်ရတာ လဲ´´

သူ စိတ်ဝင်တစား မေးလိုက်သည်။ သစ်နက်မှာ ဘာတွေ လျှို့ဝှက်ထားတာတွေ ရှိသေးလို့လဲ။

သူ သိပ်သိချင်လာသည်။

သစ်နက် ကတော့ ထုံးစံအတိုင်း အေးစက်စက် ဖြစ်သွားကာ.....

``ငါ့မျက်နှာ တည်တင်းလို့ အေးစက်တယ်လို့ ထင်ရပေမယ့် ငါ့ရင်ထဲမှာ အဲဒီ အချစ်ဆိုတဲ့ စကားကြားရင် ပွက်ပွက်ဆူနေတုန်းပဲ၊ နောက်တော့ပေါ့ကွာ အေးအေးဆေးဆေး မင်းကို ငါပြောပြချင်ပါတယ်´´

သူ သစ်နက်ကို ပြန်နှစ် သိမ့်ပေးချင်ပေမယ့် ပြောစရာစကားလုံးတွေ ပျောက်ရှနေသည်။

``အချစ်ဆိုတာ သိပ်ချစ်တတ်ပြီး အစွဲအလမ်းကြီးလွန်းရင် အရမ်းပင်ပန်းတယ်၊ ငါက သံယောဇဉ်ကြီးတယ်၊ အစွဲအလမ်းကြီးတယ်၊ ငါ့အတွက် အချစ်ဆိုတာ မရှိလေကောင်းလေပါပဲကွာ၊ ငါ့ဆီကို အဲဒီ အချစ်ဆိုတာကြီး ထပ်ရောက်လာမှ ကြောက်တယ်...၊

ဒါပေမယ့် ငါ့စိတ်ထဲမှာ ဖြစ်နေတဲ့ စိတ်တစ်ခုတော့ ရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ မင်းနဲ့ပစ္စုပ္ပန် ပြန်ဆုံပေးချင်တယ်ကွ´´

သူနှင့်သစ်နက် ပြိုင်တူရယ်မောမိကြသည်။

သူလည်း သစ်နက်ပြောသလို ပစ္စုပ္ပန်နဲ့ ပြန်ဆုံချင်တာပေါ့....။

ဒါပေမယ့်.......။

♥♥♥

# (H)

သူ အိပ်ရာကနိုးတော့ အခန်းထဲတွင် တိတ်ဆိတ်ကာ ဘယ်သူမှ ရှိမနေကြပေ။ အလုပ်သွားကြပြီထင်သည်။ သူ မျက်နှာသစ်ရန် သွားတိုက်တံတွင် သွားတိုက်ဆေးညှစ်ထည့်ပြီး ရေချိုးခန်းသို့ဝင်ရန် အလုပ်၊ သီချင်းသံလေး ထွက်လာတာမို့....

``ဟာ.... စားပွဲပေါ်မှာ ဘုန်းမာန်ရဲ့ ဖုန်းပါလား၊ ဒီကောင် မေ့သွားတာထင်တယ် ´´

ပြောလည်းပြော သူဖုန်းကိုဖွင့်ပြီး နားထောင်လိုက်သည်။

``ဟယ်လို´´

``ဘယ်သူလဲ.... သစ်နက်လား´´

``အေးကွ..... ဘုန်းမာန်လား´´

``အေး ဟုတ်တယ်၊ ငါ ဖုန်းမေ့ခဲ့တယ်ကွာ၊ အခု ငါကလည်း မော် ဘီက Shooting ခြံကိုရောက်နေတာ၊ လာမယူတော့ဘူး၊ ငါ့ဆီ ဖုန်းလာခဲ့ရင်း မင်း ကြည့်ပြီး ဖြေထားကွာနော်´´

``ဩော်.... အေးပါ´´

``စိတ်ချမယ်နော်... ဒါပဲ ဟေ့ရောင် ´´

သူ့ကိုပြောပြီး ဘုန်းမာန် ဖုန်းပိတ်သွားသည်။

သူလည်း ဖုန်းကို စားပွဲပေါ်တင်လိုက်ပြီး ရေချိုးခန်းထဲ ဝင်ခဲ့သည်။ မျက်နှာသစ် ရေမိုးချိုးပြီးတော့ အဝတ်အစားလဲနေစဥ်မှာ ပဲ ဘုန်းမာန်၏ ဖုန်းက ထမြည် လာသည်။

``ဟယ်လို´´

``မာန်... အခု ဘယ်မှာ လဲ´´

ဖုန်းထဲမှ အသံချိုချိုလေးတစ်ခု ထွက်လာသည်။

``မာန် မဟုတ်ဘူးဗျ၊ Shooting ရှိလို့သွားပြီ၊ သူ့ဖုန်း အိမ်မှာ ကျန်နေခဲ့တာ´´

``ဟုတ်လား.... ဒါဆို သွန်း ညနေမှပဲ ပြန်ဆက်တော့မယ်၊ ဒါနဲ့ အခုပြောတာ ဘယ်သူလဲဟင်´´

ကျစ်...... မိန်းကလေးတွေ များ စပ်စုလိုက်တာ

``ကျွန်တော် က ဘုန်းမာန်သူငယ်ချင်း သစ်နက်ပါ´´

``ဟယ် သစ်နက်.... အစ်ကိုက သစ်နက်၊ ဒါဆို Game တွေ ရေး တဲ့ သစ်နက်ပေါ့နော်´´

``ဟုတ်ပါတယ် ဒါပဲနော်´´

ဆိုပြီး သူ ဖုန်းပိတ်လိုက်သည်။ ဘုန်းမာန်ရဲ့ သူငယ်ချင်းလား အီစီကလီလား။

ချစ်သူမဟုတ်တာတော့ သေချာသည်။

ဒီအိမ်က လူတွေ အားလုံးက တစ်ယောက် နဲ့ တစ်ယောက် လျို့ဝှက်ထားတာမှ မရှိတာဘဲ။

ပြီးတော့ ဘုန်းမာန်က သူ့မှာ ချစ်သူမရှိဘူးလို့ တရားဝင် ကြေညာထားသည်။

မိုက်ဆာလိုက်တာ။

သူ့ဖုန်းလေးကို ဖွင့်လိုက်တော့ Message တွေ အပြိုင်အဆိုင် ဝင်လာသည်။

ပထမ Message က အာကာ့ဆီက.....။

(သစ်နက်

ငါ ကရားထဲ ကော်ဖီနှပ်ခဲ့တယ်၊ သံပုရာသီးလေး ညှစ်ပြီး သောက်လိုက်၊ စိတ်ကြည်သွားအောင်လို့။

အာကာ)

ဒုတိယ Message က ရွှေအိမ်ဆီက....။

(သစ်နက်

ငါ ထမင်းကြော်ခဲ့တယ်၊ ကြက်ဥလည်း ကြော်ခဲ့တယ်။ နွှေးပြီးစားလိုက်ကွာ၊

ရွှေအိမ်)

တတိယက ပိုင်ပိုင်။

(သစ်နက်

ငါ နေ့လယ်စာအတွက် ကြက်သားဆီပြန် ချက်ထားတယ်။

ပိုင်ပိုင်)

နောက်ဆုံး ကတော့ ချမ်း။

(သစ်နက်

ညနေ ဘာမှမစားထားနဲ့။

အားလုံးအတွက် ငါ ကြေးအိုးဝယ်ခဲ့မယ်။

ချမ်း)

Message တွေ ကိုဖတ်ပြီး သူပြုံး လိုက်မိသည်။

ဗိုက်ကလည်း ဆာလာတာမို့ ရွှေအိမ်ကြော်ပေးခဲ့တဲ့ ထမင်းကြော်ကို ကြက်ဥကြော်နှင့်စားရန် ပန်းကန်ထဲထည့်လိုက်သည်။

အာကာနုပ်ပေးခဲ့သော Black Coffee ကို သံပုရာသီးလေးညှစ်ကာ ထမင်းကြော်တစ်လုတ်၊ ကော်ဖီတစ်လုတ် သောက်လိုက်သည်။

သူ့ငွေးသားလေးရွှေအိမ် မကြော်တတ်ကြော်တတ်နှင့် ကြော်ခဲ့သော ထမင်းကြော်က သူ့ပါးစပ်တွင် တော့ အရသာရှိနေသည်။

သူ စားသောက်နေစဉ်မှာ ပဲ ဘုန်းမာန်၏ ဖုန်းလေးက မြည် လာခဲ့သည်။

``ဟယ်လို´´

``အစ်ကို´´

``ကျွန်တော် ဘုန်းမာန်မဟုတ်ဘူးဗျ´´

``သိပါတယ်.... ကိုသစ်နက် မဟုတ်လား´´

``ဗျာ´´

သူ အံ့ဩသွားရသည်။ ဒီကလေးမ ဘယ်လိုသိတာလဲ။ သူတွေ းနေစဉ်မှာ ပဲ ရယ်သံချိုချိုလေး ထွက်လာကာ....

``အခုနက ဖုန်းဆက်တဲ့ သွန်းပါ´´

ပြောနေစဉ်မှာ ပဲ ဖုန်းက လိုင်းကျသွားသည်။ သူ့ဘက်ကလည်း ပြန်မဆက်ချင်တာမို့ ဖုန်းချထားလိုက်သည်။

စာအုပ်တစ်အုပ်နှင့် သူ ဆိုဖာပေါ်တွင် လှဲလိုက်သည်။

စာအုပ်ထဲ စိတ်ရောက်သွားတာမို့ အရာအားလုံးကို သူခဏတော့ မေ့လျော့သွားခဲ့သည်။

♥♥♥

(၂)

``ချစ်သူဆိုတာ ဘာလဲကွာ၊ ငါလည်း ချစ်သူ တစ်ယောက် လောက် ရှာဦးမှပဲ´´

ပြောလာသူက အာကာပဲ ဖြစ်သည်။ ချစ်သူဆိုတာ ဘာလဲဟု မေးရလောက်အောင်ကို အာကာက အချစ်နှင့် ကင်းကွာခဲ့သူ ဖြစ်သည်။ သူ့မိဘတွေ က ဆင်းရဲချို့တဲ့သူမို့ မိဘကိုလုပ်ကျွေးနေသော သားလိမ္မာ တစ်ယောက် လည်း ဖြစ်တာမို့ သူ့တွင် ချစ်သူမရှိတာ အဆန်းတော့ မဟုတ်ပါ။

``အာကာ.... အချစ်ဆိုတာ လိုက်ရှာလို့ရတာ မဟုတ်ဘူးကွ၊ ချစ်သူဆိုတာ သူ့အလိုလို အချိန်တန်မှ ရောက်လာတတ်တာ၊ အချိန်တန်ရင် ဖူးစာပါတဲ့သူက ဟိုးအဝေးကြီးကပဲ ဖြစ် ဖြစ် ကိုယ့်ရှေ့ကိုအလိုလိုရောက်လာပြီး ချစ်တတ်လာအောင် ဖန်ဆင်းပေတတ်တယ်´´

``ဘယ်ဝတ္ထုထဲက စကားတွေ လဲ သစ်နက်´´

``ရင်ထဲကကွ ရင်ထဲက´´

ပိုင်ပိုင်နှင့်သူ ကတော့ သစ်နက်နှင့်အာကာပြောသမျှကို တခွိခွိနှင့် ရယ်ကြသည်။

ချစ်သူဆိုတာ အလိုလိုရောက်လာတတ်သလို ဖူးစာမပါရင် အခုလို ဝေးတတ်သလား။

ပစ္စုပ္ပန်ရေ.... မင်းကို မောင် အရမ်းလွမ်းတယ်ကွာ။

``သစ်နက်´´

``ဘာလဲကွ´´

``တကယ်လို့ အချိန်တန်ပြီး မင်းဆီးကို ချစ်သူ တစ်ယောက် ရောက်လာခဲ့ရင် ဘယ်လိုလုပ်မလဲ´´

သစ်နက်က အာကာအမေးကို မျက်လုံးလေးပင့်သွားကာ

``ချစ်သူ တစ်ယောက် ရောက်လာခဲ့ရင် အရမ်းအရမ်းကို ချစ်ပစ်လိုက်မှာ ပေါ့ကွာ..... ဟား ဟား.... သွားစမ်းပါကွာ၊ ငါ့အသက် နှစ် ဆယ့်ခွန်ကျော်ပြီ၊ တွေ့မှာ လည်း မဟုတ်တော့ဘူး၊ အခုခေတ်က ဆယ်ကျော်သက်တွေ မှာ လူပျိုလေးလို့ခေါ်တာ၊ နှစ် ဆယ်ကျော်ရင် လူပျိုကြီး ဖြစ်သွားပြီကွ´´

``မင်းကလည်းကွာ ခွဲမလျှော့ပါနဲ့၊ အခုမှ နှစ် ဆယ့်ခွန်ပဲ ရှိသေးတာ၊ အသက်သုံးဆယ်အရွယ် အပျိုကြီး တစ်ယောက် ယောက် နဲ့ ဖူးစာဆုံနိုင်ပါသေးတယ်ကွ´´

``အာ´´

သူတို့အားလုံး ရယ်လိုက်ကြသည်။ ချမ်းက....

``ဟေ့ရောင် တွေ ...... သစ်နက်ကို အထင်မသေးနဲ့နော်၊ သူက နေ့မှာ အိပ်ပြီး ညမှာ ထတတ်တာ၊ ဇီးကွက်မတစ်ကောင်နဲ့ တွေ့နေလို့ ဖြစ်မယ်ကွ´´

ချမ်း စကားကြောင့် သစ် ရယ်မိပြန်သည်။

ဟုတ်တယ်လေ....

သစ်နက်က နေ့အိပ် ညအလုပ်လုပ်ပြီး အပြင်သိပ်မထွက်တတ်သူဆိုတော့ ဇီးကွက်ကလွဲရင် ဘယ်သူနဲ့တွေ့မှာ လဲ။

``ငါ ဒေါက်ကို လမ်းဆင်းလျှောက်မလို့ ဘယ်သူလိုက်ဦးမလဲ´´

အကုန်လုံးက တစ်နေကုန် အလုပ်ထဲမှာ ပင်ပန်းထားသူများ မို့ ဘယ်သူမှ

မလိုက်ချင်ကြပေ။

ဟုတ်တော့ ဟုတ်သည်လေ.....။

နားချင်ကြမှာ ပေါ့၊ သူလည်း နားချင်နေပေမယ့် သစ်နက်နှင့် အဖော်လိုက်သွားချင်မိသည်။

``သစ်နက်.... ငါ လိုက်ခဲ့မယ်´´

သူနှင့်သစ်နက် စကားတပြောပြောနှင့် လမ်းလျှောက်ရင်း....

``ရွှေအိမ် လာကွာ... ငါတို့ လက်ဖက်ရည် သောက်ရအောင်´´

လမ်းဘေးတွင် ညလုံးပေါက်ဖွင့်လေ့ရှိသော လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရအောင်ဟု သစ်နက်က ပြောတော့ သူတို့ထိုင် ဖြစ်ခဲ့သည်။

သစ်နက်က သောက်ရင်းမှ.....

``အပြန် ဟိုကောင်တွေ အတွက် ဝယ်သွားဦးမှပဲ´´

``အိမ်မှာ Coffee Mix တွေ ရှိတာပဲကွ´´

``ဆိုင်ကဖျော်တာနဲ့ မတူဘူးကွ၊ မင်းတော့ မသိဘူး ရွှေအိမ်.... ငါ ကတော့ ဆိုင်ဖျော်ကို ပိုကြိုက်တယ်´´

``မင်း ဒီဆိုင်မှာ ထိုင်နေကျလား´´

``အေးကွ..... အရင်တုန်းကပေါ့ကွာ၊ ည ည အလုပ်လုပ်ရင်း ပျင်းလာတိုင်း ဒီမှာ ထိုင် ဖြစ်တယ်´´

သူက လက်ဖက်ရည်ကျဆိမ့်ကို တစ်ငုံသောက်လိုက်ကာ....

``အရင်က ထိုင် ဖြစ်တယ်ဆိုတော့ အခု မထိုင် ဖြစ်တော့ဘူးပေါ့... ဟုတ်လား´´

``အေး´´

``ဘာလို့လဲ´´

``တစ်ခါတစ်ခါ တစ်ယောက် တည်းထိုင်ရတာ အလွမ်းတွေ ကို ပျူးယူနေသလိုပဲကွာ၊ ဘာကိုလွမ်းမှန်း မသိ, ဘယ်သူ့ကို လွမ်းမှန်းမသိ လွမ်းနေမိတယ်၊ အဲဒါကြောင့် မထိုင် ဖြစ်တော့တာကွ´´

သစ်နက် ကတော့ ပေါ့ပေါ့ပါးပါးလေးပြောသွားတာ ဖြစ်ပေမယ့် သစ်နက်ပြောသွားတဲ့ အလွမ်းတွေ က သူ့ရင်ထဲ ကူးစက်လာသလို ခံစားလိုက်ရသည်။

လွမ်းလိုက်တာ ပစ္စုန်ရယ်။

♥ ♥ ♥

(၂)

သူ Game အသစ်ရေး နေတုန်း ခါးညောင်းလာတာမို့ Computer ရှေ့မှထကာ ကော်ဖီတစ်ခွက် ဖျော်ပြီး ဝရန်တာသို့ ထွက်လာခဲ့သည်။

ဟိုလေးယောက် ကတော့ အိပ်ပျော်နေကြသည်။ ဘုန်းမာန် တစ်ယောက် သာ Shooting တွေ နှင့် ရှုပ်ကာ ပြန်မအိပ်ပေ။

``သစ်နက်´´

``ဟာ ရွှေအိမ်… မင်း အိပ်ပျော်နေတာ မဟုတ်လား၊ ငါ ခါးညောင်းလို့ ဒီမှာ လာထိုင်နေတာ၊ မင်းက ဘာလို့ ထလာတာလဲ၊ သွားအိပ်လေ´´

``အိပ်ရာက လန့်နိုးလာတာကွ၊ မင်းကိုမမြင်လို့ ဒီမှာ ထိုင်နေတယ်ထင်လို့ ထွက်လာတာ´´

ပြီးတော့ ရွှေအိမ်က သူ့ဘေးကဘောင်ပေါ်မှာ တက်ထိုင်ပြီး သူ့ပခုံးကို

ဖက်ထားသည်။

``မင်းရဲ့ အကြောင်းတွေ ပြောပြလေ´´

``စိတ်ဝင်စားစရာ သိပ်မကောင်းပါဘူးကွာ၊ ငါ့မိဘတွေ က စီးပွားရေး မှ စီးပွားရေး ၊ ငါ့ကို ရှိတယ်လို့တောင် သတ်မှတ်တာ မဟုတ်ဘူး၊ တက္ကသိုလ်ရောက်တဲ့အထိ ဘယ်သူ့ရဲ့ အချစ်ကိုမှ မရခဲ့ဘူး.....။

အချစ်က အဲဒီ လောက် ငါ့အတွက် ရှားပါးခဲ့တာ၊ ဒါပေမယ့် သူနဲ့ အမှတ်မထင် ဆုံခဲ့တယ်၊ ငါလိုချင်တဲ့ကြင်နာမှု တွေ သူ့ဆီက ရခဲ့တယ်၊ ဒါပေမယ့် သူ့အချစ်က ငါ့အချစ်လို မဟုတ်ဘူးကွ၊ သူ့မှာ ငါ့ထက်ချစ်ရမယ့်သူ ရှိနေခဲ့တယ်၊ ငါ နိုင်ငံခြားကို သွားနေတုန်းမှာ ပဲ ငါ့မိဘတွေ ကွယ်လွန်ခဲ့တယ်၊ သူက လက်ထပ်သွားတယ်၊ အဲဒီ တစ်လျှောက်လုံးဟာ ငါ့အတွက် အဆိုးဝါးဆုံး အချိန်တွေ ပဲကွာ´´

အချစ်ကို အင်မတန်လိုချင်တဲ့၊ အချစ်ခံချင်တဲ့ယောက်ျား တစ်ယောက် ထံမှာ မှ အချစ်ဟာ ပျောက်ဆုံးနေခဲ့ရသည်။

``ငါ့ကိုကွာ တစ်ဖက်စွန်းပဲရောက်တယ်ပြောပြော ငါ ကတော့ ချစ်မိရင် အသက်ထက်ပိုချစ်တယ်ကွ၊ ငါ့အပေါ်ကိုလည်း အဲဒီ လို ချစ်မယ့်ချစ်သူမျိုးပဲ လိုချင်တာ´´

``ငါ့ညီမကလည်း ငယ်သေးတယ်ကွ၊ အပျိုဆိုရင် မင်းနဲ့ ပေးစားတယ်´´

ရွှေအိမ့်စကားကြောင့် သူတို့နှစ် ယောက် အားပါးတရ ရယ်လိုက်ကြသည်။

``ဒါဆို အခု မင်းနှလုံးသားမှာ ဘယ်သူမှ မရှိဘူးပေါ့... ဟုတ်လား´´

``အေးကွ..... အခုတော့ အေးဆေးပဲ၊ တစ်ယောက် တည်းနေတာ ကောင်းပါတယ်ကွာ၊ အချစ်ဆိုတာ ပူလောင်တယ်ကွ´´

အားလုံးက အိပ်မက်တွေ နဲ့ပျော်နေကြပေမယ့် သူတို့နှစ် ယောက် ကတော့ အိပ်မပျော်နိုင်ပါ။

``လာကွာ... အိပ်မပျော်တဲ့အတူတူ ကားလျှောက်မောင်းရအောင်´´

သူတို့နှစ် ယောက် ဂျာကင်ကိုယ်စီ ထပ်ဝတ်ကာ တံခါးကို သော့ ခတ်ခဲ့ပြီး ကားလျှောက်မောင်းခဲ့ကြသည်။

``မင်းကို ငါ အရမ်းချစ်တယ် သစ်နက်ရာ´´

ရွှေအိမ်က သူ့ကို ဆိုင်းမဆင့် ဗုံမဆင့် ပြောချလိုက်တာမို့ သူ မျက်လုံးပြူး သွားရကာ...

``ဟေ့ကောင်.... ယောက်ျားချင်းနော်၊ ငါ မင်းရဲ့ ပစ္စုန် မဟုတ်ဘူးကွ´´

``ခွေးကောင်... ငါက သူငယ်ချင်းလို၊ ညီအစ်ကိုလို ပြောတာကွ´´

ရွှေအိမ်က ရှူး ရှူး ရှဲရှဲနှင့်ထပြောတော့ သူ တခွိုးခွိုးနှင့် ရယ်လိုက်မိသည်။ ရွှေအိမ့်စကားဟာ အမှန်တရားဆိုတာကို သူလက်ခံပါသည်။

``ပစ္စုန်ကို လွမ်းလိုက်တာကွာ´´

သူ့မှာ တော့ လွမ်းမိရင်တောင် ဘယ်သူ့ကိုလွမ်းရမှန်းမသိသည့် ခံစားမှု နှင့် ရွှေအိမ်ကိုပဲ ကြည့်နေလိုက်မိတော့သည်။

♥ ♥ ♥

(၄)

``ဟာ... ငါတို့အိမ်မှာ ဇီးကွက်တစ်ကောင် တိုးလာတာပါလားကွ´´

အိပ်ရာနိုးခါစမှာ ချမ်း၏ အသံကို ကြားလိုက်ရတာ မို့ လူးလဲထလိုက်သည်။ နာရီကိုကြည့်လိုက်တော့ မနက်ဆယ်နာရီခွဲပြီးနေပြီ။ တော် ပါသေးရဲ့ ... အလုပ်ပိတ်ရက်မို့။

``မင်းကွာ... ဘယ့်နှယ် သစ်နက်ကို လိုက်တုနေရတာ လဲ၊ သူက သူ့အလုပ်သဘာဝအတိုင်း အိပ်တာ၊ သူ့အလုပ်က လုပ်ချင်တဲ့အချိန် ထလုပ်၊ မလုပ်ချင်ရင်

ထိုင်နေလို့ရတဲ့ ကိုယ်ပိုင်အလုပ်ကွ၊ မင်းတို့ငါတို့က သူများ အလုပ် သွားလုပ်ရတာ၊ ညကလည်း ကားလျှောက်မောင်းကြသေးတယ်ဆို´´

``အေးကွ.... ငါရော သစ်နက်ရော အိပ်မပျော်လို့လေ´´

``သစ်နက် စိတ်ကူးယဉ်တိုင်း လိုက်မယဉ်ပါနဲ့ကွာ၊ ငါတို့က လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့သူတွေ ၊ ထ ထ....ဒီနေ့ မင်းအလုပ်ပိတ်လို့ တော် သေးတာပေါ့´´

သူက ထကာ အပျင်းဆန့်လိုက်ရင်း.....

``ဗိုက်ဆာလိုက်တာကွာ... ဘာရှိလဲ´´

``အခုမှ၊ ရှိတယ် သွား.... မျက်နှာအရင်သွားသစ်´´

သူ မျက်နှာသစ်ပြီး ရေမိုးချိုး အဝတ်အစားလဲလိုက်သည်။ သစ်နက် ကတော့ နှစ်နှစ် ခြိုက်ခြိုက် အိပ်မောကြနေဆဲပါ။ အချစ်ဆုံး တစ်ယောက် မှ မရှိဘူးဟု ညည်းတတ်သော ဇီးကွက်၊ သစ္စာရှိတဲ့ ချစ်သူ တစ်ယောက် မြန်မြန်လေးရစေချင်သည်။

``သစ်နက်က မနိုးသေးဘူးကွာ´´

စာရင်းတွေ လုပ်နေသော ပိုင်ပိုင်က....

``သစ်နက်က နေ့လယ်နိုးရင်တောင် ကံကောင်းတယ်မှတ်၊ သွား သွား... မင်းအတွက် မနက်စာချန်ထားတယ်... သွားစာ´´

``အိုကေ အိုကေ´´

ဒီအိမ်မှာ ကျေးဇူးဆိုတဲ့စကား မသုံးစွဲရတာ မို့ သူ အိုကေ ဆိုသော စကားစုလေးကို သုံး ဖြစ်လိုက်သည်။

ဒီအချိန်မှာ သူငယ်ချင်းတွေ ကျွေးသမျှမငြင်းနိုင်ဘဲ စားရတော့မည် ။ သူ မနက်စာအ ဖြစ် မုန့်ဟင်းခါးစားလို့မှ မပြီးသေး၊ ဘုန်းမာန်က ဝင်လာပြီး....

``ရွှေအိမ်... မင်းမှာ အပူကျဆေးရှိလား´´

``ရှိတယ်၊ မင်း နေမကောင်းလို့လား´´

``ငါ မဟုတ်ဘူးကွ... သစ်နက် ဖျားနေတာ၊ ကိုယ်တွေ ပူပြီး ညည်းနေတာ၊ မင်းတို့ ညက ကားထွက်မောင်းသေးတယ်ဆို၊ အအေးပတ်သွားတာ ဖြစ်မယ်´´

ချမ်းက ကော်ဖီလာဖျော်တာမို့ သူ မဝသေးပေမယ့် စားလက်စကို သိမ်းလိုက်သည်။

ပြီးတော့ ဆေးကိုထုတ်ပြီး ချမ်း လက်ထဲမှ ကော်ဖီဗန်းကို တင်ပေးလိုက်ရ၏ ။

``ငါ နှိုးလိုက်မယ်´´

ချမ်း က ခေါင်းညိတ်ပြသည်နှင့် သူ သစ်နက်ကို အသာနှိုးလိုက်သည်။

``သစ်နက် သစ်နက်..... နေမကောင်းဘူးဆို၊ ဆေးသောက်ရအောင်..... ထကွာ´´

သစ်နက် နိုးလာကာ ထထိုင်သည်။

သူတို့တိုက်သော ကော်ဖီနှင့် ဆေးကိုသောက်ပြီး....

``တစ်ခါ တစ်ခါ မေမေ့ဆီက အဲဒီ လိုကြင်နာယုယတာတွေ လိုချင်ခဲ့တာကွ၊ မေမေ့ဆီက ငါ လူမှန်းသိစအရွယ်ကတည်းက အာဘွားပေးတာ တစ်ခါမှ မရခဲ့ဘူး...´´

``မင်း လိုချင်တာတွေ အားလုံး ငါတို့တွေ ပေးမယ်ကွာ´´

ပြောပြောဆိုဆို သူက အရင် စနမ်းလိုက်သည်။

သစ်နက်က ပထမတော့ ကြောင်သွားသည်။ အခြားလူတွေ ကလည်း ရုတ်တရက် ငြိမ်သက်သွားပြီးမှ ``ဟုတ်တယ် ဟုတ်ယ်´´ ဟု အော်ကာ သစ်နက်ကို ဝိုင်းနမ်းကြသည်။

သစ်နက် မျက်နှာကြီးနီရဲကာ အော်တော့သည်။

``အာ... မင်းတို့ကွာ၊ ယောက်ျားချင်း´´

``အောင်မာ… မင်းက ကောင်မလေးတွေ နမ်းတာ ခံချင်လို့လား´´

ဘုန်းမာစကားကြောင့် ရယ် ဖြစ်ကြသည်။

``ငါ့ကို စိတ်ချမ်းသာအောင်ထားပေးတဲ့ မင်းတို့ကို ငါချစ်ပါတယ်၊ ငါချစ်တဲ့မင်းတို့ကိုလည်း စိတ်ချမ်းသာအောင် ငါ ကူညီပံ့မယ်ကွာ´´

``ကဲ ဇီးကွက်… ငါတို့ တိရစ္ဆာန်ဆရာဝန်ခေါ်ဖို့ လိုသလား´´

``မင်းကလည်း ပိုင်ပိုင်ရာ…. တိရစ္ဆာန်ဆေးဆရာဝန် လုပ်စမ်းပါ။ မင်းပြောတာနဲ့တင် ဆရာဝန်က တိရစ္ဆာန် ဖြစ်ရတယ်´´

`အေးလေ´´

သူတို့အားလုံး ရယ်မိပြန်သည်။

``မလိုတော့ပါဘူးကွာ၊ မင်းတို့ ဗိုင်းနမ်းတာနဲ့တင် ငါ့အဖျားက ကြောက်လို့ လွတ်ပြေး သွားပါပြီ´´

``ဩော် ဒါနဲ့ သစ်နက်…. မင်းက အခုမှနိုးတာ မေးရဦးမယ်။ မနေ့က ငါ့ဆီ ဘယ်သူဖုန်းဆက်သေးလဲ´´

သစ်နက်က စဉ်းစားရင်း….

``သွန်းဆိုတဲ့ တစ်ယောက် တော့ ဆက်တယ်ကွ၊ မင်းဖုန်းက Auto Record ပါတယ်မဟုတ်လား၊ နားထောင်ကြည့်လိုက်လေ´´

``အေး အေး´´

``ဟော့ရောင် …. မင်းစော်လား´´

ချမ်းက ဘုန်းမာန်၏ ပခုံးကိုလှမ်းဖက်ရင်း မေးသည်။

``အား…. မဟုတ်ပါဘူးကွာ၊ ငါ့သူငယ်ချင်းပါ။ သူက တက်သစ်စ Model ကွ၊ ဒါနဲ့ သစ်နက်… မင်းက ဖျားနေတော့ ဘာစားမလဲ၊ ငါ ဆန်ပြုတ် ပြုတ်ပေးရမလား´´

``အေးကွ... မင်း ဆန်ပြုတ် ပြုတ်တာ လက်ရာကောင်းတယ်၊ ပြုတ်ပေး... သောက်မယ်ကွာ´´

``အိုကေ.... ခဏစောင့်၊ ငါ သွန်းဆီ ဖုန်းဆက်လိုက်ဦးမယ်´´

ပြောပြီး ဘုန်းမာန် တစ်ယောက် ဝရန်တာကို ထွက်သွားသည်။ ခဏကြာတော့ သူ ဝရန်တာမှ အင်္ကျီတွေ ရုပ်ရန်အတွက် ဘုန်းမာ၏ သဘောတကျရယ်သံကြားလိုက်ရသည်။

``ဟား ဟား ဟား... ခင်ဗျားလေး ကတော့လေ တော် တော် အပြောကောင်းတယ်...... သိလား၊ ဟုတ်တာ မဟုတ်တာတော့ ထား၊ မင်း အသံကြားရရင် အမောကို ပြေသွားတာပဲ။ ဒါပေမယ့် အဲဒီ စကားတွေ ထဲမှာ အလိမ်မညာတွေ တစ်ဝက်လောက်ပါတယ်ဆိုတာ ငါသိတယ်နော်´´

``..............´´

``သစ်နက်.... ဟုတ်လား´´

``..................´´

ဩော်..... သစ်နက်ရှိတယ်လေ၊ သူ ဖျားနေတယ်ကွ၊ ဘာလဲ... မင်းက သစ်နက်ရဲ့ Game တွေ ကို သဘောကျတယ်၊ အေး.... ပြောလိုက်မယ်´´

ဒီပုံအတိုင်းဆို ဆန်ပြုတ် ပြုတ်နိုင်မှာ မဟုတ်သေး။ ဒါကို သူက အာကာကို ပြောလိုက်တာမို့ သူနှင့်အာကာ သစ်နက်အတွက် ဆန်ပြုတ်ပြုတ်လိုက်တော့သည်။

♥ ♥ ♥

(၆)

``ကိုမင်းရွှေအိမ်... ကိုမင်းရွှေအိမ်"

ကုမ္ပဏီကိစ္စတစ်ခုကြောင့် မြို့ထဲသို့ထွက်လာသော သူ့ကို တစ်ယောက်ယောက် က လှမ်းခေါ်သံ ကြားလိုက်ရသည်။ သူ လှမ်းကြည့်လိုက်တော့ အမျိုးသမီး တစ်ယောက် သူ့ကိုပြုံး ပြီး...

``ကျွန်မ သန္တာပါ´´

``ဩော် သန္တာ.... ရုတ်တရက်မို့ မမှတ်မိလိုက်ဘူး´´

``ရပါတယ်ရှင်... ကျွန်မကလည်း ဝနေတာကိုး´´

သန္တာဆိုတာ ပစ္စုန်ရဲ့ သူငယ်ချင်းမပါ။

``ပစ္စုန် ပြန်ရောက်နေပြီရှင့်၊ ဒီမှာ သူတာဝန်ကျတဲ့ကုမ္ပဏီမှာ အလုပ်ဝင်ရမှာ မို့ အလုပ်တွေ ရှုပ်နေတယ်နဲ့တူတယ်၊ သူ ဆက်သွယ်လာပါလိမ့်မယ်´´

``ဟုတ်ကဲ့ဗျာ၊ သူ့လိပ်စာလေး ရမလား၊ ကျွန်တော့်ကိုပေးခဲ့ပါလား´´

``ဩော်... ရပါတယ်ရှင်´´

သန္တာက သူ့ကို စာရွက်လေးတစ်ရွက်တွင် ရေး ပေးသည်။

``ကျေးဇူးပဲ´´

သူ အိမ်ပြန်ရောက်ကတည်းက ခွေနေမိသည်။ သစ်နက်ကို ပြောပြလိုက်ချင်သည့်စိတ်က ကြီးစိုးနေတာမို့ ပြောပြလိုက်တော့သည်။

``ဘာ.... ပစ္စုန် ပြန်ရောက်နေတယ်.. ဟုတ်လား´´

``အေးကွ´´

``ဒါဆို ကောင်းတာပေါ့ကွ၊ မင်းတို့အဆင်ပြေအောင် ငါ လုပ်ပေးမယ်´´

သစ်နက်၏ ဝမ်းသာအားရစကားကြောင့် သူ ပြုံး လိုက်မိသည်။

``မင်းက ငါ့ကို မယုံဘူးလား´´

``မင်းစေတနာကို ငါ နားလည်ပါတယ်ကွာ၊ ဒါပေမယ့် ငါနဲ့ ပစ္စုန်နဲ့က ဘယ်လိုမှ မ ဖြစ်နိုင်ဘူးကွ´´

``မ ဖြစ်နိုင်ဘူး... ဟုတ်လား´´

``ဟုတ်တယ်... ငါ မာမီ့ကို ကတိပေးထားခဲ့တာ၊ ပစ္စုန်နဲ့ မဆက်သွယ်ဘူးလို့လေ၊ ငါက ယောက်ျား၊ ကတိတည်ရမယ်´´

သူပြောတော့ သစ်နက်က ငြိမ်သက်စွာ နားထောင်နေသည်။ မာမီနှင့်ပစ္စုန်တို့၏ ပြဿ နာကို သစ်နက် သိပြီးသားဆိုတော့ သူ့အပေါ် နားလည်နိုင်မှာ ပါ။

``ရွှေအိမ်´´

``ဟေ´´

``ပစ္စုန်က ချောလား´´

``အင်း.... ချောတယ်၊ တော် တယ်၊ ထက်မြက်တယ်၊ မာမီရဲ့ အထင်သေးစော်ကားမှု တွေ ကြောင့် သူ့ဘဝကို တိုးတက်အောင် ကြိုးစားခဲ့တယ်လေ၊ အခု သူ ကိုယ့်ခြေထောက်ပေါ်ကို ရပ်တည်နိုင်နေပြီကွ´´

``ရွှေအိမ်.... အခု ပစ္စုန်က ဘယ်မှာ နေတာလဲ၊ မင်းမှာ လိပ်စာရှိလား´´

``သစ်နက်... မင်းက ဘာလုပ်မလို့လဲ´´

ပိုင်ပိုင် ကတော့ သူတို့ပြောသမျှကို နားထောင်နေခဲ့သည်။

``ဒီလိုပေါ့ကွာ... တစ်နေ့ကျရင် ငါတို့ခြောက်ယောက် က ကိုယ့်လမ်းကိုလျှောက်ရမှာ လေ၊ အဲဒီ လို လမ်းမခွဲခင်မှာ မင်းတို့တွေ ကို အဆင်ပြေအောင် ကူညီပေးချင်တာ´´

``ငါတို့အားလုံးကိုလား´´

``ဟုတ်တယ်၊ မင်းတို့တွေ ထွက်သွားရင် ငါ တစ်ယောက် တည်း အထီးကျန်နေခဲ့မှာ ကွ´´

သစ်နက်က ထိုစကားကို ဆွေးဆွေးမြေ့မြေ့ ပြောလိုက်ခြင်း ဖြစ်သည်။

♥♥♥

(၂၂)

သူ အလုပ်ဆင်းတော့ တွေ့လိုက်ရတာ က....

``ဟာ သစ်နက်.. ဘယ်ကိုလာတာလဲ၊ ငါ့ဆီကိုလာတာလား´´

``အေး... ဟုတ်တယ်ကွ၊ ငါ အိမ်မှာ နေတာ ခေါင်းတွေ နောက်လာတာနဲ့ အပြင်ထွက်လာတာ၊ ငါတို့ ခေါင်းသွားလျှော်ရအောင်ကွာ´´

``အေး.... သွားလျှော်မယ်လေ´´

သစ်နက်နှင့်သူ အခုလို ရင်းနှီးသွားလိမ့်မယ်ဟု တစ်ခါမှ မတွေးဖူးခဲ့ပါ။ တွေ့စ ကတော့ အေးစက်စက်နှင့် စကားကို ပြတ်ပြတ်ပြောတတ်သော သစ်နက်ဟာ အခုလောက် ခင်မင်စရာ ကောင်းလိမ့်မည် ဟုလည်း မထင်ထားခဲ့ပါ။

ခေါင်းလျှော်ပြီးတော့ နှစ် ယောက် သား ၄၂၂၀ မှာ ကြေးအိုးဝင်သောက်ကြပြန်သည်။ ကြေးအိုးပွဲတွေ ရောက်လာတော့ သူ့ရှေ့က ကြေးအိုးပန်းကန်ကို သစ်နက်က သူ့ပန်းပန်နှင့် လဲလိုက်သည်။

အရင်တစ်ခါ လက်ဖက်ရည်ဆိုင်ထိုင်တုန်းကလည်း သူ့လက်ဖက်ရည်ခွက်ကို လဲသေးသည်။ အခုလည်း လဲပြန်သည်။

``အဲဒါ ဘာလုပ်တာလဲ သိလား´´

``မသိဘူးလေကွာ´´

``စတာပါကွာ၊ ဘာမှမဟုတ်ပါဘူး၊ ဘုန်းမာန်ဆို အရမ်းရယ်ရတယ်ကွ... သိလား၊ ငါ အဲလိုလဲရင် သူ့ပန်းကန်ကိုသူ ရအောင်ပြန်ယူတာ၊ ဒါကလည်း လူ တစ်ယောက် ရဲ့ အတ္တကို သိရတာ ပေါ့ကွာ၊ ခဏလေး ကိုယ့်ရှေ့ကိုရောက်ရုံနဲ့ ငါ့ဟာဆိုတဲ့ အတ္တသေးသေးလေး ဝင်သွားတာလေ´´

``မင်း ကတော့ ကြံကြံဖန်ဖန်ကွာ´´

ထိုစဉ်မှာ ပဲ...

``ဟာ´´

``ဘာလဲ ရွှေအိမ်´´

``......´´

စားသောက်ဆိုင်ထဲမှ စားပွဲတစ်ခုတွင် ပစ္စုန်က အေးအေးဆေးဆေးထိုင်ကာ ကြေးအိုးသောက်နေသည်။ သူ့ကိုတော့ မြင်ပုံမရ။

မြင်ရင် လာခေါ်မလား။

သူ့ကို စိတ်နာကြည်းစွာ နှင့် လာခေါ်ချင်မှလည်း ခေါ်မှာ ပါ။

``ရွှေအိမ်... မင်း ဘာ ဖြစ်နေတာလဲ´´

``ငါတို့ဝိုင်းနဲ့ နှစ် ဝိုင်းအကွာမှာ ပစ္စုန်ရှိနေတယ်၊ အပြာနုရောင် အင်္ကျီလေးနဲ့ စကပ်အနက်ဝတ်ထားတယ်´´

``ဖူးပစ္စုန်လား´´

``ဟုတ်တယ်´´

``သွားနှုတ်ဆက်မယ်လေကွာ၊ ငါနဲ့လည်း မိတ်ဆက်ပေး´´

ပြောပြောဆိုဆို ထရပ်ကာ သစ်နက်၏ လက်ကို သူက လှမ်းဆွဲလိုက်ကာ....

``မ ဖြစ်ဘူးသစ်နက်... ငါ မာမီ့ကို ကတိပေးထားတယ်၊ ငါ ယောက်ျားကွ၊ ကတိတည်ရမယ်´´

``မင်းကွာ၊ ဟော... သူ မင်းကို မြင်သွားပြီ´´

သစ်နက်၏ စကားကြောင့် သူ တုန်လှုပ်သွားရသည်။ သူ့စိတ်စေစားရာအတိုင်းသာဆိုရင် ပစ္စုန်ကို သွားပွေ့ဖက်လိုက်မိမှာ ပါ။

``မောင်´´

ခေါ်သံတိုးဖွဖွလေးနှင့်အတူ သူမ သူ့အနားကိုရောက်လာခဲ့သည်။ ဖျတ်ခနဲမော့အကြည့် သူမ၏ မျက်ဝန်းတွေ နှင့် ဆုံချိန်ခဏမှာ တော့ ဘာကတိကိုမှ သတိမရတော့ဘဲ သူမကို လွတ်ထွက်သွားမည့် အတိုင်း တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိသည်။

သူမကလည်း သူ့ရင်ခွင်ထဲတွင် ငြိမ်သက်နေခဲ့သည်။

သစ်နက်က....

``ဟေ့ကောင်.. တော် လောက်ပြီကွ၊ Love sence ရိုက်နေတာ မဟုတ်ဘူးကွ´´

အဲဒီ တော့မှ လူချင်းခွာကာ...

``ပစ္စုန် ထိုင်လေ´´

``LA က ဟိုတစ်ပတ်ကမှ ပစ္စုန်ပြန်ရောက်တာ၊ မြိတ်ကိုလည်း မပြန်ဖြစ်သေးဘူး၊ သန္တာပြောလို့ မောင် ရန်ကုန်မှာ အလုပ်လုပ်နေတယ်ဆိုတာ သိရတာ ´´

``ပစ္စုန်ကို မောင် မိတ်ဆက်ပေးရဦးမယ်၊ ဒီက မောင်နေတဲ့ အိမ်က မောင့်သူငယ်ချင်း.... သစ်နက်တဲ့၊ သူက Game Software တွေ ရေး တယ်လေ´´

``ကိုသစ်နက်ရဲ့ Game တွေ ကို ကျွန်မသိပါတယ်။ ကြိုက်လည်း ကြိုက်ပါတယ် ´´

``ဟုတ်ကဲ့.... ကျွန်တော် လည်း ပစ္စုန်တို့အတွေ အကြောင်းကို ရွှေအိမ်ပြောပြလို့ သိထားပါတယ်။ အာကာကလည်း ကျွန်တော့် သူငယ်ချင်းပဲလေ´´

``အာက၊ အာကာဆိုတာ အာကာဖြိုးကို ပြောတာလား´´

``ဟုတ်တယ်ဗျ၊ သူလည်း ကျွန်တော် တို့နဲ့အတူ နေတာပဲလေ´´

``ဟုတ်လား၊ ဘယ်မှာ နေတာလဲ၊ လိပ်စာပေးဦးလေ မောင်ရဲ့ ´´

သူ မပြောသေးခင်းမှာ ပဲ သစ်နက်က အိမ်လိပ်စာအတိအကျကို ပြောပြနေသည်။

သူတို့ပြန်ခါနီး အထိ....

``ပစ္စုန် အိမ်ကိုလာလည်နော်၊ ကျွန်တော် အိမ်မှာ အမြဲရှိတယ်´´

သူမကို နှုတ်ဆက်ကာ ပြန်လာခဲ့ကြသည်။ သူ့ဘက်က စကားသိပ်မပြောတာကို ပစ္စုန်ဘက် ကတော့ ဘယ်လိုထင်မည် မသိ၊ သူ့မှာ တော့ ရင်ထဲက အောင့်မျက်ကာ နာကျင်လေသည်။

အချစ်ဟာ ချိုမြိန်တယ်လို့ ပြောကြပေမယ့် သူ့အတွက်တော့ ကြေကွဲမှု တွေ ကိုပဲ ပုံ့နှံ့စေခဲ့သည်။

♥♥♥